အမျိုးသားတို့၏အတတ်ပညာ။
ဖြန့်ပွါး တိုးတက်စေခြင်း အကျိုးငှါ။
ရှေးပညာရှိကြီးများထံမှ
နည်းနာနိသျှမှီလျက်
၂၈-လုံးသောနက္ခတ်၊ အတွင်းတာရာ
အပြင်တာရာတို့၏အကျိုးအပြစ်များကိုဘော်ပြအပ်သော

# နက္ခတ္တဒီပနီကျမ်း။



၁၂၄၄ ခု။ သတင်းကျွတ်လဆုတ် ၁၃-ရက်။ (၂-နေ့) ထွက်ပေါ်သည့်ကြယ်တံခွန်ပုံ။

## A HAND BOOK of Descriptive Astronomy.

ရွှေတိုင်မြို့မ-ဒေသပြုပွါ။
ရွှေလောင်းမည်ရ-ဌာနဂေဟာ။
လေးဆယ့်နှစ်ပ-နေကြာမက္ခာ။
ကိုဘတင်-ပြင်ဆင်ရိုက်သည်စာ။

အဘိုး—၁ိ—၄ ပဲ။

အမျိုးသားစာပုံနှိပ်တိုက်။ ၄၇—၅၁ လမ်း။ ရန်ကုန်မြို့။

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၁။ | နှစ်ဆဲ့နှစ်လုံးသော နက္ခတ်တို့ကို၊ လဃုသဂြိုဟကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ အာကာသသုတ္တရကျမ်းတို့နှင့်တိုက်ဆိုင်၍ပြခြင်း။ | ၁၁။ |
| ၂။ | သံပေါက်လင်္ကာကို ပြဆိုခြင်း။ | ၁၆။ |
| ၃။ | နက္ခတ်တို့၏ခရီးကိုပြဆိုခြင်း။ | ၁၈။ |
| ၄။ | အရှေ့နက္ခတ်၊ တောင်နက္ခတ်၊ အနောက်နက္ခတ်၊ မြောက်နက္ခတ်တို့ကိုပြဆိုခြင်း။ | ၁၉။ |
| ၅။ | ပထဝီစသော ဓါတ်-၄-ပါးနှင့်ဆက်ဆန်သည့်နက္ခတ်ကိုပြဆိုခြင်း။ | ၂၀။ |
| ၆။ | နက္ခတ် အား ဖြင့်၊ ဝတ် ဆင် ရာ သော ကျောက်မျိုးတို့ကိုပြဆိုခြင်း။ | ၂၁။ |
| ၇။ | တာရာကြီးနှင့်နက္ခတ်တို့၏ အရပ် မြို့ရွာတိုက်စွဲကိုပြဆိုခြင်း။ | ၂၂။ |
| ၈။ | လောကပညတ္တိကျမ်းထွက် တာရာကြီး ၉-လုံးတို့ကိုပြဆိုခြင်း။ | ၂၄။ |
| ၉။ | အပြင်တာရာတို့ကိုပြဆိုခြင်း။ | ၂၄။ |
| ၁၀။ | တာငယ်တို့၏ မြို့ရွာတိုက်စွဲတို့ကို ပြဆိုခြင်း။ | ၂၇။ |
| ၁၁။ | တာရာငယ်တို့၏ သွားလာ လှည့်လည်ပုံကိုပြဆိုခြင်း။ | ၃၀။ |
| ၁၂။ | အလွတ်တာရာတို့ကိုပြဆိုခြင်း။ | ၃၁။ |
| ၁၃။ | အလွတ်တာရာတို့၊ သွား သည့် ခရီးကို ပြဆိုခြင်း။ | ၃၅။ |
| ၁၄။ | ဂြိုဟ်တို့၏အတိုင်းအရှည်ပမာဏကို ပြဆိုခြင်း။ | ၃၈။ |

| ခဏ်းရေ | အကြောင်းအရာ။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၁၅။ | ဂြိုဟ်တို့၏အဆင်းအရောင်ပြဆိုခြင်း။ | ၄၀။ |
| ၁၆။ | ရာသီသွားခြင်းပြဆိုခြင်း။ | ၄၁။ |
| ၁၇။ | ဂြိုဟ်တို့၏သွားခြင်းကိုပြဆိုခြင်း။ | ၄၂။ |
| ၁၈။ | လသည်ရန်ဘန်ငယ်၊ ရန်ဘန်ကွယ်။ နေသည်မကွယ်ဟုပြဆိုခြင်း။ | ၄၄။ |
| ၁၉။ | ဂြိုဟ်သွား၊ဂြိုဟ်ပြောင်းတို့၏အကျိုး အပြစ်ကိုပြဆိုခြင်း။ | ၄၆။ |
| ၂၀။ | အင်္ဂါဂြိုဟ်ဗျူရှစရိယာ ကျင့် သည့် ဘလောက်ပုံ။ | ၄၇။ |
| ၂၁။ | ဂြိုဟ်ပိုင်နက္ခတ်တို့ကိုပြဆိုခြင်း။ | ၄၈။ |
| ၂၂။ | ဂြိုဟ်အားဖြင့်၊ဝတ်ဆင်ရာသောကျောက်မျိုးတို့ကိုပြဆိုခြင်း။ | ၄၈။ |
| ၂၃။ | ရာဟုနှင့်-နေ-လ - တို့အကြောင်းကို ပြဆိုခြင်း။ | ၄၉။ |
| ၂၄။ | ရာဟုဘမ်းဟန်ကိုပြဆိုခြင်း။ | ၅၁။ |
| ၂၅။ | နက္ခတ်၊ထွက်-ဝင်တို့ကိုပြဆိုခြင်း။ | ၅၂။ |
| ၂၆။ | တနင်္လွေနေ့-နက္ခတ်ချပုံကိုပြခြင်း။ | ၅၃။ |
| ၂၇။ | တဘက်ကန်း၊နှစ်ဘက်ကန်း၊ နှစ်ဘက်မြင်၊နက္ခတ်တို့ရွေးချယ်နည်းကိုပြဆိုခြင်း။ | ၅၄။ |
| ၂၈။ | ဗဟိုရိမွန်းတည့် နက္ခတ် အကြောင်းကို ပြဆိုခြင်း။ | ၅၅။ |
| ၂၉။ | မြန်မာနှင့်၊အင်္ဂလိပ်နာရီကိုပြဆိုခြင်း။ | ၅၆။ |
| ၃၀။ | ဗဟိုရိမွန်းတည့်၊နက္ခတ် အမည်များနှင့်အချိန်ကာလကိုပြဆိုခြင်း။ | ၅၇။ |
| ၃၁။ | အမြင်နက္ခတ်ပုံ။ | ၆၃။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ နံပါတ်။ |
| --- | --- | --- |
| ၃၂။ | သက္ကရာဇ်-၁၂၄၄-ခု၊ သတင်းကျွတ်လဆုတ်-၁၃-ရက်၊ တနင်းလာနေ့၊ နံနက် လေးနာရီထွက်ကြယ်တံခွန်ပုံ၊ | ၆၄၊ |
| ၃၃။ | ကြာသတေးကြယ်နိုယတုံကျင့်၍ ပလိပ်ရောဂါဖြစ်ပေါ်မည့်အကြောင်း၊ ကြွက်များကိုဘမ်း၍ သတ် သော်လဲ၊ ကျိမ်း မကျေးကြောင်းရေး လေးချိုး၊ | ပထမမျက်နှာ |
| ၃၄။ | သောရီဓါတ်ညှိုး၍ ဂျာမဏီပြည်ဘုရင်ကိုင်ဇာစစ်ထွက်တိုက်မည့် အကြောင်းရေးတေးတပ်။ | ငင်း။ |
| ၃၅။ | သက္ကရာဇ်-၁၂၆၆-၁၂၆၈ - နှစ်စပါးဈေး၊ ဆန်ဈေးကြီး၍ သူခိုးထားပြများ ထသည့်အတွက်ပြည်သားများကံဆိုးကြောင်းရေး လေးချိုး၊ | ၆၄၊ |
| ၃၆။ | ၆-ခု၊ ၇-ခု၊ ၈-ခု နှစ်များတွင် လိဂ်အောသွနေရှင်းခေါ် "လူအမျိုးမျိုး" အသင်းကြီးပေါ်လာမည့် အကြောင်းနှင့်၊ ပဲဖြူကလေး ဈေးကောင်းမည့်အကြောင်းရေးလေးချိုး။ | ၆၅။ |
| ၃၇။ | သက္ကရာဇ်-၁၂၆၉-ခုနှစ်၊ ဝါခေါင် လဆန်း-၁၀-ရက်နေ့ထွက်သည့် ကြယ်တံခွန်အကြောင်းရေးလေးချိုး၊ | ၆၅။ |
| ၃၈။ | သက္ကရာဇ်-၁၂၆၇-ခုနှစ် စနေဂြိုဟ် လကို ဖေါက်ပြီးလျှင်၊ အင်္ဂါဂြိုဟ် နင်း သည့် အကြောင်းရေးလေးချိုး။ | ၆၆။ |
| ၃၉။ | တပေါင်သိမ်များပေါ်ထွက်သည့်အတွက် | |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ နံပါတ်။ |
|---|---|---|
| | အက်ဒဝတ်ဘုရင်။ အနိစ္စ ရောက်မည့် အကြောင်းရေး လေးချိုး။ | ၆၇။ |
| ၄၀။ | ဓနုရာသီမှာ-၃-၅-၆-၇ ဂြိုဟ်လေးလုံး ပူးသည့်အကြောင်းရေး လေးချိုး။ | ၆၇။ |
| ၄၁။ | နတ်စက်ရောင်-ဇာဂရုတ္တိက၊ သာသနာ သက္ကရာဇ်-၂၄၀၀-ကျော်လျှင်၊ သာသနာ ရာဇာပြုလိမ့်မည့်ဟုရေးခဲ့ကြောင်း ဘော်ပြသည့်လေးချိုး။ | ၆၈။ |
| ၄၂။ | မြန်မာလူမျိုးများကအနောက်ဘုရင်မျှော်သဖြင့်၊မြောက်နာပမာနှင့်ပုံနှိုင်း၍ ရေးသည့် လေးချိုး။ | ၆၉။ |
| ၄၃။ | မုံရွာမြို့ ဓောင်ချမ်းပင် ဆရာတော်က၊ မေးသောကြောင့်ဦးပတ်လယ်အခါ ပေးသော လေးချိုး။ | ၆၉။ |
| ၄၄။ | မူလ နက္ခတ်ကို စနေဂြိုဟ်၊ လွှမ်းသော ကြောင့်၊ပိတ်ရိယဘုရင်မကြီး အနိစ္စရောက် မည့်အကြောင်းကို၊ ရာဇဝင် အကိုးအကား များနှင့်ရေးသည့်လေးချိုး။ | ၇၀။ |

# အမှားအမှန်ပြင်ချက်။

| စာမျက်နှာ။ | ကြောင်းရေ။ | အမှား။ | အမှန်။ |
|---|---|---|---|
| ၂။ | ၁၀၊ | ဘရာဏာသီ၊ | ဗရာဏာသီ၊ |
| ၃။ | ၇။ | အဇတာ။ | အဇာတာ၊ |
| ၄။ | ၁၆၊ | မြောက်ဝယ်နှိသည်။ | မြောက်ဝယ်ရှိသည်။ |
| ၆။ | ၆။ | ကြယ်ဘဝက်။ | ကြယ်တဝက်။ |
| ၈။ | ၃။ | နှိယတုံမှို။ | နှိယတုံမှိုး။ |
| ၉၊ | ၁၂၊ | အတွက်။ | အထွက် |
| ၁၃။ | ၃။ | အသလိသာ၊ | အသာလိသာ၊ |
| ၁၅၊ | ၂၅၊ | ပေါ် သရိုက်။ | ခေါ် သရိုက် |
| ၁၇၊ | ၁၃၊ | ဆန်ခြင်။ | ဆံခြင် |
| ၁၈၊ | ၄။ | နက္ခတ်ဘာရာ၊ | နက္ခတ်တာရာ။ |
| ၁၈၊ | ၁၉၊ | ဥတ္တရာပုရမိုက်။ | ဥတ္တရာပရမိုက်၊ |
| ၂၀။ | ၆။ | ဥတ္တရာဘရဂုဏ္ဏီ၊ | ဥတ္တရာဘရဂုဏီ။ |
| ၂၂။ | ၂၀။ | ပြုဗ္ဗါဘရဂုဏီ၊ | ပြုဗ္ဗါဘရဂုဏ္ဏီ။ |
| ၂၃။ | ၁၂။ | ဥတ္တရာပုရမိုက်၊ | ဥတ္တရာပရမိုက်။ |
| ၆၃။ | ၁။ | သဝဏ်။ | သရဝဏ်၊ |
| ၆၄ | | ၁၂၄၄-ခုနှစ်ထွက်။ | ၁၂၄၄-ခု၊သတင်း- ကျွတ်လဆုတ်-၁၃။ ရက် (၂-နေ့) ထွက် ပေါ်သည်။ကြယ် တံ ခွန်ပုံ။ |
| | ၁၅-၁၆။ | အထက် ပါ့ စစ် ဦး တုံးပေမွဲ။ | အ ထက် ဗ ပါ့ရ စက်ခိုးတုံးပေမွဲ |

# ပဏာမနိဒါန်း။

(၁) ရတနာသုံး—အားလုံးရှိသေ။
ဆရာမိဘာ—ဦးချမသွေ။
နေ့စဉ်နေ့တိုင်း-ညွတ်ကိုင်းတစေ။
ဝန္ဒာမိ—များဘိအရိယေ။

(၂) ဤနက္ခတ်ကျမ်း-ကြိုးပမ်းရှာဖွေ။
ကောင်းကင်ဇာတိ—မြင်သိပုံသေ။
အများလူတို့—သိတို့မဝေ။
တတ်စေကြောင်း—အပေါင်းလူတို့ထွေ။

အချီး။

ဤနက္ခတ်ကျမ်းကိုရေးသားတော်ပြုခြင်းမှာ။ ဗဟုသုတကို လိုလားတောင့်တသော အမျိုးသားတို့အကျိုး၌-လည်းကောင်း။ မြန်မာတို့၏ နည်းနာ နိသျှ- အတတ် ပညာ တို့သည်၊ နှစ်ပေါင်း လေးဆယ်ခန့်တိမ်ကောကွယ်ပျောက်လျက် ရှိသဖြင့်၊ ထိုအတတ် ပညာကို ထင်ရှားပေါ်လွင်စေခြင်း၌သော်လည်းကောင်း။မြန်မာ လူမျိုးပင်ဖြစ်သော်လည်း၊မြန်မာဘာသာကိုအလေးမမူ၊ ဂရုမပြု လျစ်လျူရှုလျက်၊ မိမိတို့ဘာသာ—အတတ်ပညာကိုပင် ရှေးထုံးစံ ရာဇဝင်အတွေ့အမြင်နည်းပါး၍။ သေးနုတ် သိမ်ငယ် သည်ဟု ထင်လျက်။ ကောင်းကင် နက္ခတ် တာရာတို့သည်။ ဘာအကျိုးရှိ သနည်း။အလကားအချည်းနှီးဘဲ၊ အယူသည်းငယ်- ရူးသည်။ စသည်ဖြင့်၊ ပြောလေ့ရှိသောသူ အချို့တို့၏ သံသယကို ပျောက် ပျက်စေခြင်းအကျိုး၌ဒိဋ္ဌဓမ္မအထင်အရှားဖြစ်ပျက်လျက်ရှိသော အကြောင်းအရာများကို။ ရှေးထုံးသာဓက၊ဇာတ်နိပါတ်ရာဇဝင် အစောင်စောင်တို့မှ၊ထုတ်နုတ်၍ရေးသားတော်ပြုပေအံ့။

သမန္တာစက္ကဝါဠတွင်။ “နက္ခတ္တတောဝါ”ဟုဘုရားဟော အထင်အရှားရှိ၏။

ထိုဖြင့်တဝ၊ ဝေဒမ္ဗ ဇာတ်တော်တွင် (ဧကနိပါတ်)ကောင်းကင်ရှိနက္ခတ်ကိုကြည့်၍မန္တာန်ရွတ်ရာ။ ရတနာမိုးရွာသည်းထန်စွာရွာသွန်းကြောင်း- ကျမ်းဂန်၌ ထင်ရှားစွာ ရှိပေသည်။ ဝတ္ထုသက်သေကား၊ ။ဘုရားအလောင်းတော်သည်။ ဗာရာဏသီပြည်၌ပုဏ္ဏားဖြစ်တော်မူသောအခါ။ အဘပုဏ္ဏားနှင့် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာသင်ကြားရာ။ — နေ့သိဒ္ဓနက္ခတ်ကိုကြည့်၍မန္တာန် ရွတ်လျှင်။ ရတနာမိုးရွာ ရွာစေသောအတတ်ကို တတ်ခဲ့ကြလေ၏။ သားအဘနှစ်ယောက်လည်း။ဗာရာဏသီပြည်သို့ပြန်ခဲ့ရာ။ခရီးအကြား၌ခိုးသားငါးရာနှင့် တွေ့လေသော်။ခိုးသားတို့သည်။ သားအဘ နှစ်ယောက်ကို ဘမ်း၍- တယောက်သောပုဏ္ဏားက ငါတို့ထံ၌နေရစ်ရမည်။ တယောက်မူကား ရွေးစရာကြေးငွေဥစ္စာယူချေရမည်ဟုဆို၏။ ထိုအခါသားဖြစ်သောပုဏ္ဏားက-ဘခင် ကျွန်ုပ်-ငွေရှာ သွားချေမည်။ သို့ရာတွင် ဘခင်သည်။ ကျွန်ုပ်ပြန်မလာမီ- ခိုးသူတို့လက်မှ။ လွတ်လိုသည်ဟူ၍ ရတနာမိုးရွာကို ရွာစေတတ်သော မန္တာန်ကို မရွတ်ပါလေနှင့်။'(ယနေ့မူကား-ရတနာမိုးရွာကို ရွာစေတတ်သော နေ့သိဒ္ဓ နက္ခတ်သည်။ မွန်းကည့်လိမ့်မည်။)ရွတ်ခဲ့သော်အန္တရာယ်ကြီးစွာဖြစ်လိမ့်မည် ဟုမှာခဲ့၏။ ။အဘပုဏ္ဏားလည်း။ ဆင်းရဲကျဉ်းမြောင်းစွာမနေပြီ။ ရတနာမိုးရွာစေမှတော်မည်ဟုကြံ၍သားမှာခဲ့သော စကားကို မနာယူဘဲ- မန္တာန်ကိုရွတ်ရာ။ ရတနာမိုးရွာသဖြင့်။ ခိုးသားငါးရာတို့လည်း ဥစ္စာတို့ကိုယူ၍ နံနက်မိုးသောက်လျှင်ပုဏ္ဏားကိုခေါ်လျက်သွားကြလေ၏။ ခရီးလမ်းတွင်-အခြားခိုးသားငါးရာတို့က တိုက်ခိုက်သဖြင့်။ငါတို့ကိုမတိုက်ကြနှင့်။ ငါတို့မှာရတနာမိုးရွာစေတတ်သော ပုဏ္ဏားတယောက်ရှိ၏။ ထိုပုဏ္ဏားကိုသာ ယူပါလေတော့ဟုပေးလိုက်၏။ ဒုတိယ ခိုးသားငါးရာ တို့လည်း။ ပုဏ္ဏားကိုယူ၍ အိပ်ရာစခန်းသို့ရောက်ကြလေသော်။ပုဏ္ဏားအား

ရတနာမိယ်းကိုရှာအောင်ပြုလော့ဟုဆို၏၊ ပုဏ္ဏားလည်း၊ ရတနာမိယ်းရှာစေသောနက္ခတ်သည်၊ လွန်ခဲ့ပြီ။ သုံးနှစ်မှတကြိမ်သာရှာ၍မွန်းတည့်၏ဟုဆိုလေလျှင်၊ သူခိုးတို့သည်၊ သူများအတို့ကားမွန်းတည့်၏၊ ငါတို့အတို့ကားမွန်းမတည့်ဆိုရမည်လောဟူ၍၊ ပုဏ္ဏားကိုသတ်လေ၏။

ထိုပြင်၊ ဓမ္မပဒတွင်၊ ကောသမ္ဗီပြည်၌၊ အလ္လကပ္ပရသေ့သည်။ အာဓတာကောင်းကင်၌၊ ရှစ်ခွင်ဂြိုဟ်စီးနှင့်တကွ။ တာရာကိုးမည်။ သတ္တဝီသနက္ခတ်၊ ကိဘ်ဂြိုဟ်ချပ်တို့ကို။ တိုင်းရပ်နှင့်ပိုင်းခြားမြွက်ရှုရာ။ ပုရန္တပ္ပဘုရင်၏ နက္ခတ်စဉ် ဂြိုဟ်ဓာဘာဘော်သည်။ မွေးမိန်၍ကံတော်ကုန်ကြောင်း။ မိဘုရားအားပြောကြားသောဝတ္ထုလည်း၊ ဘုရားဟောအထင်အရှားရှိပေသည်၊

ဝတ္ထုသက်သေကား၊ ။အခါတပါး ကောသမ္ဗီပြည်၌၊ ပုရန္တပ္ပမည်သောမင်းသည်၊ နန်းယင်ပြင်၌၊ မိဘုရားနှင့်အတူ၊ အဘိုးတသိန်းထိုက်သောကမ္ဗလာနီကိုခြုံလျက်၊ နေပူဓာလှုံကြရာ၊ ဟတ္ထိလိင်္ဂသကုဏမည်သော၊ ထိယှိုင်ငှက်ကြီးသည်၊ ကောင်းကင်ခရီးမှလာရာ၊ မိဘုရားကြီးကိုမြင်လျှင်၊ အမဲသားတစ်မှတ်သဖြင့်၊ လျှင်စွာချီယူ၍သွားလေ၏။

ငှက်ကြီးလည်း၊ ဟိမဝန္တာအရပ်သို့ရောက်သဖြင့်၊ ညောင်ပင်ကြီး၌နား၍စားမည်ပြုသောအခါ၊ မိဘုရားလည်း၊ ပြင်းစွာသောအသံဖြင့်ချောက်လှန့်၍ငှက်ကြီးပျံပြေးလေ၏၊ မိဘုရားကြီးလည်း ထိုညောင်ပင်၌ပင်၊ ဥဒေနမင်းသားကိုဘွားမြင်လေ၏။

အလ္လကပ္ပရသေ့သည်။ အစာအာဟာရ အလို့ငှါ လာလတ်သော်၊ မိဘုရားကြီးနှင့်ဥဒေနသတို့သားတို့ကိုတွေ့၍၊ ကျောင်းသင်္ခမ်းသို့ခေါ်သွားပြီးလျှင်၊ မိဘုရားနှင့်အတူနေရာ၊ တနေ့သောနေ့၌၊ ကောင်းကင်နက္ခတ်တာရာကိုကြည့်ရှုရာ၊ ပြည့်ရှင်မင်း၏ဂြိုဟ်နက္ခတ်ညှိုးနွမ်းခြင်းကိုသိမြင်သဖြင့်၊ မိဘုရားကြီးအား၊ ကောသမ္ဗီပြည်၌၊ ပုရန္တပ္ပမင်းသေချေပြီဟုဆို၏၊ မိဘုရားက အဘယ်ကြောင့်ဆိုဘိသနည်းဟုမေး၏၊ ရသေ့လည်း၊ ထိုမင်း၏နက္ခတ်

နမ့်ခြင်းကို မြင်၍ဆို၏ ဟုမိန့်၏။မိဘုရားလည်း မိမိ၏လင်ဖြစ်ကြောင်းပြော၍။ ပြင်းစွာငိုကြွေး၏၊ ရသေ့လည်းမငိုကြွေးလင့်။ သတ္တဝါတို့မည်သည်၊ သေခြင်းတရား သာအဆုံးရှိချေသည်ဟုဆို၏။မိဘုရားလည်း အရှင်ဤတရားကိုသိပါ၏။သို့သော်လည်း၊ ကျွန်ုပ်သားသည်။ပြည်စည်းစိမ်ကိုထိုက်ပါလျက်၊တော၌ယခုနေရခြင်းကြောင့်။သားတော်အားကြီးစွာသောရှုံးခြင်းကြီးဖြစ်ခဲ့ပြီတကားဟုဆို၏။ ထိုသို့တပြီးကား။မစိုးရိမ်လင့်။မင်းသားအား မင်းအဖြစ်ကိုရစေအံ့ဟုဆို၍။ ဟတ္ထိကန္တစောင်း၊ **"ဟတ္ထိကန္တမန္တရား"** ကိုပေး၏။မင်းသားလည်း။ ဆင်အား၊လူအားဖြင့်။ တိုင်းပြည်ကိုသိမ်း၍။ မင်းအဖြစ်ကိုခံယူလေ၏။ (ဤသည်ကား။ နက္ခတ်တာရာကို သိခြင်း၏အကျိုးကျေးဇူးတရပ်ပေတည်း။)

ထို့ကြောင့်။ဥတေနမင်းစောပျို့၌။"ဧကသမယံ။ တရံခါသော်။ ငါးဘော်ဈာန်ယဉ်။ ငါးဘိဉာဉ်နှင့်။ ငါးစဉ်ဝသီ၊ ရှစ်လီသမာပတ်။အထွန့်တင်တင်၊ ရသေ့ရှင်ကား။ ကောင်းကင်နဘော။ အာကာဗွေ၌။လေးထွေရောင်ညွန့်။သားသားကွန့်မြူ။သေးကျွန့်ဗဟိုရ်။ မြောက်ဝယ်နိုသည်။ မြင့်မိုရ်တောင်လတ်။ လကျာပတ်သား။ ဂြိုဟ်နတ်ရှစ်တည်။လေးမည်ဓါတ်နှင့်။စဉ်သင့်ခြောက်လုံး။ပေါင်းရုံးသိသာဟူ၍လည်းကောင်း။ "မိဿခေါင်ဇာတိ။ သုံးဝိထိဟု။ လမ်းကြီးသဖွယ်။ မိုင်မိုင်ကျယ်လျက်။ခါဘွယ်ထိန်ဝါ။ ဂြိုဟ်ရှစ်ဖြာတို့။ လကျာမသွား။ ကင်းစောင့်များက။ ဟန့်ထားသောထွေ။ပင်ပန်းဖြေ၍။နားနေကြပ်ကြပ်၊ အရပ်စောင်းထောင်။ တိမ်းပါးရှောင်ခဲ့။ များမြောင်ဤသို့။ နတ်တို့ဉာဏ်နှယ်၊ သိစွမ်းကျယ်သည်။ ။နိုင်းဆွယ်မိုးတောက်မိုးပွါးတည်း-ဟုစပ်ဆိုစီကုံးလေသည်။

ထို့ပြင်တဝ။ဥမ္မာဒန္တီပျို့၌လည်း။ ကောသလမင်းကြီးသည်။ မြို့ကိုလှည့်လည်၍ မိုလ်ရှုခံတော်မူရာဝယ်။ အပေတယံ-နေဝင်ယံတွင်။ယနိစံတုံစက်။ခုနှ်ပျံတက်၍။ကျိုးကြက်တာရာ၊ကြယ်နှင့်

လာသော်။ တန်ဆောဆောင်ယင်၊နတ်သ္ဘာဘင်သို့။မြို့ပြင်မြို့တွင်း။ မီး ရောင်ဝင်းလျက်။ ဟင်းလင်းတံခါး၊ ဖွင့်ကာထား၍၊ ပြည်သား ပြည်သူ။မျိုက်ဆူ့အုန်းအုန်း။တန်ဆောင်မုန်းတွင်၊ချိန်ဆုံးသဘင်၊ ပွဲကြီးခင်လျက်။ပျော်ရွှင်ကြမြဲ၊ ထိုသည့်ပွဲ၌။ စောရဲဘုန်းစည်၊ မြို့ရွာပြည်ကို၊သူညီလည်ရှုမြော်-ဟူ၍လည်းကောင်း။

သီရိဓမ္မာသောကမင်းကြီးသည်၊ မဟာဗောဓိ၌။ ကြတ္တိကာ နက္ခတ်သဘင်ခံသဖြင့်၊ပါရာဇိကဏ်အခွဲကာထာ၌။အထသုရိယေ၊ အတ္ထင်္ဂင်္ဂတေ။ ပုဏ္ဏစန္ဒေ။ဒေဝနဂရေဝိယနဂရေ၊ အလင်္ကတေ။ သဗ္ဗဒိသာသုဒိပေသု။ ဇလိတေသု-ဟူ၍ ကျမ်းဂန်၌အထင်အရှား ရှိပေသည်။ထို့ကြောင့်၊ တန်ဆောင်မုန်းလမီးပွဲသည်။ ကြတ္တိကာ နက္ခတ်သဘင်ဖြစ်သဖြင့်၊နတ်ကိုစွဲ၍၊ဆီမီးပူဇော်ခြင်း၊ ရှေးမင်း ကောင်းတို့ထုံးဟောင်းကိုလိုက်၍၊တန်ဆောင်တိုင်ပွဲ၊မြင်းမိုရ်ပွဲ ဟူ၍ပြုလုပ်ကြလေသည်၊ သီတင်းကျွတ်လမှာ မူကား။ အသာ ယုဇ္ဇနက္ခတ်သဘင်ဖြစ်၍၊မြတ်စွာဘုရားသည်၊တာဝတိံသာနတ် ပြည်မှ။ လူ့ပြည်သို့ဆင်းသက်တော်မူသည်ကိုစွဲ၍၊ ပန်းဆီမီးတို့ ဖြင့်၊ပူဇော်ပသသော ပွဲဖြစ်ကြောင်းကိုလည်း မှတ်သားသင့်ကြ ပေသည်။

ထို့ပြင်တဝ၊သရေခေတ္တရာပြည်၌၊ရန်မန်မင်းအနိစ္စရောက်လို သော်၊ကြာသပတေးကြယ်-လတွင်ချဉ်း၏။

ရက္ခန်မင်း၊အနိစ္စရောက်လိုသော်၊နေ့ကိုကြယ်တွက်၏။

သီရိခန်မင်း၊အနိစ္စရောက်လိုသော်၊သောကြာကြယ်-လတွင် ချဉ်း၏။

ရန်မုက္ခမင်း၊အနိစ္စရောက်လိုသော်၊ဗုဒ္ဓဟူးဂြိုဟ် ခုနစ်လတိုင် တိုင်၊နိယထုံပြု၏။

ရန်မုဥ္စလိန္ဒမင်း၊အနိစ္စရောက်လိုသော်၊ကြယ်တံခွန်ပြ၏။

သုမုန္ဒရီမင်း၊ အနိစ္စရောက်လိုသော်၊ ကြာသပတေးကြယ်တံ ခွန်ပြ၏။

အတိတျာမင်း။အနိစ္စရောက်လိုသော်။ သောကြာ:ကြယ်တံခွန်ပြ၏။

ပုဂံပြည်၌၊ ပြူစောထီးမင်း အနိစ္စရောက်လိုသော်။ ကြာသပတေးကြယ်-လထွင်း၏။တနေ့လုံးညဉ့်ကဲ့သို့ရိုက်၏။

ပိုက်သေဥ့လည်မင်း။အနိစ္စရောက်လိုသော်။ကောင်းကင်ကကြယ်တ၀က်မမြင်ကွယ်ပျောက်၏။

ကြောင်ဒူရစ်မင်းနှင့်၊ ထွန်ချစ်မင်းတို့ အနိစ္စရောက်လိုသော်၊ လတံခွန်ပြ၏။

ထိုပြင်တ၀။ကုန်းဘောင်ဆက်မဟာရာဇ၀င်တော်မှာလည်း ဇေယျပူရစစ်ကိုင်းမြို့တည်နန်းတည်း၊ သားတော်နောင်တော်ကြီးလက်ထက်မှာ-သောကြာကြယ်လကိုချဉ်းသဖြင့်။ ကန္တီမြို့၀န်-ဧရွဘိုစည်တော်သံ၌။ ။"ရေဖျန်းခံ ထုံးသစ်ညွှန်းပါလို့၊ ရွှေနန်းစံသုံးနှစ်ခွန်းတွင်မှ။ ပြိုင်ထွန်းသည့်ထက် အာကာ၊ သောကြာကြယ် လကိုချင်းတယ်။ မင်းတို့ကြမ္မာ။ ဂြိုဟ်ဒသာ။ အိုရှာပေါ့သည့်နှစ်တွင်း။ဘန်ခိုးတော်ပျောက်ကွယ်ပတယ်၊ လောကသေဌ္ဌနင်း"-ဟူ၍လည်းကောင်း။

ထိုပြင်တ၀-အဝဘုရင်ဘိုးတော်-ဗဒုံမင်းနတ်ရွာစံခါနီးတွင်-ဂြိုဟ်နေ ဂြိုဟ်သွား-ဘောက်ပြန်သဖြင့်။ ကန္တီမြို့၀န်-စပ်ဆိုသောစည်တော်သံ၌၊ ။"မင်းကွန်းဆိုသာနူရပ်တွင်မှ။ ဓါတု ဓါတ်စေတီမော်။ခြောက်ရောင်ရုံမွေတော်ရ-ဖျားကုသိုလ်တော်၊ ပြီးမမြော်။တသီးနေဘ်နတ်ခွင်စံဘို့။ စန်းယာဉ်ပျံ-ဇီ၀ါပူးတယ်။ထူးတဲ့ဂြိုဟ်သွား" ဟူ၍လည်းကောင်း။

သိပေါမင်းလက်ထက်၌ လည်း။ ၁၂၄၅-ခုနှစ်-ကြယ်တံခွန်ယွှဘ်ခြင်း။၁၂၄၇-ခုနှစ်-တန်ဆောင်မုန်းလပြည့်ကျော်-၆-ရက်သောကြာနေ့-နေ၀င်မှ။နေထွက်တိုင်အောင်၊ကြယ်များ ကြွေကျခြင်းကြောင့်။ကန္တီမြို့၀န်စည်တော်သံ၌။ ။"ရွှေနန်းစံသတ္တာကျလို့နံနာဂကိန်းမပြောင်။မြရေယာဉ်ပင်လယ်လမ်း။ မြန်းကြွယူဆောင်။

တိတ်တဘောင်-၊ကြယ်ရောင်ပမြေနင်း။ အသူရိန်စန္ဒာဘမ်းလေ
သို့-နန်းဘုံကသင်း"-ဟူ၍လည်းကောင်း။

ဆိဘန်နီဆရာတော်ဘုရား-ဧကပိုဒ်-ရတု၌လည်း-"အမရဝ
တီ။ပုရိပြည်လုံး။လက်ရကြိုးသို့။ ထုံးနှင့်တူလစ်။ ကောဇာစစ်မှု။
ဇော်ခွေးဇာသတ်။ လမြတ်ထွန်းပြောင်။တန်ဆောင်သရေဒ။ကုဏ္ဍ
ပက္ခ။ဆဋ္ဌမှူးရက်။ နေဝန်းထွက်အောင်။ ရှစ်မျက်လောကဓါတ်။
ကောင်းကင်လတ်မှ။ပြာသာဒ်ကုဋေ။ကြယ်ကျွတ်ကျေရှင့်" ဟူ၍
လည်းကောင်း။

ညောင်ပင်သာ- ဦးပုညရေးလက်ဘ၌ - "ဆဲ့တဆင့်တွင်။မြင့်
စည်းစိမ်တော်။ခုနစ်ကျော်၍။ဝွန်ပေါ် ရှစ်နှစ်။သက္ကရာဇ်မှု။ထောင်
ဇော်ရာခွေး-ဆယ့်လေးခုသတ် -ကျွတ္တိကာလ-ကျော်ဆဋ္ဌတည့်။
သောကြာ့နေ့ပူး။ရောင်ရုံမြူးလျှက်-ထွေထူးတိတ်လို။ကောင်းကင်
ပြို၍။ ငိုသောဘိနှယ်။ မိုးယံကကြယ်တို့။ သွယ်လှယ် ရှက်ကူး-
ဥက္ကာမြူး၍။ဆန်းထူးအတိတ်။နတ်နိမိတ်ဖြင့်၊အနိဋ္ဌတွေ့။သတ္တနေ့
တွင်။ရွှေရွှေမြို့တွင်း။ရန်သူချင်း၍။အတင်းဝင်ကြ။ရက်အဋ္ဌဝယ်-
မြန်မာ့ဥက္ကာဌ်။ သမုနတ်ကို။ဝန်းပတ်ရန်သူ။ကံမကူ၍။ဆောင်းသူ
သွားရာ-အွေစကြာဖြင့်-မြန်းရှာရလေ"ဟူ၍စပ်ဆိုလေသည်။

ဤလောကကြီး၌၊ကျွန်ုပ်တို့မြန်မာလူမျိုးတဦးတည်းသာလျှင်။
ယုံကြည်ကိုးစားကြသည် မဟုတ်။ ကမ္ဘာ့ပေါ် ရှိ ဗဟုသုတနှင့်
ပြည့်စုံ၍ ယဉ် ကျေး သော တိုင်းကြီး ပြည်ကြီးသားတို့သည်
လည်း။အကျိုးအပြစ်ရှိမရှိကိုယုံကြည်ကြလေသည်။

ထိုကြောင့်။ဂျွန်ဂင်ဘာလီဆိုသူတဦးက၊ကြယ်တံခွန်သည်။
ထားရှည်ပုံသဏ္ဍာန်ကဲ့သို့ပေါ်မူ။စစ်ဖြစ်အံ့။ ။သားမွေးကဲ့သို့ရင်း။
ဆံမုတ်ဆိတ်ကဲ့သို့ရင်းပေါ်မူ။ရှင်ဘုရင်သေအံ့၊ ။ဟုရေးသား
ဘော်ပြထားလေသည်။ ဒစ်ဂျစ် ဆိုသူ ကလည်း၊ လူများအား
ကာလ ပြောင်းတော့မည်ဟု ဆိုသည်နှင့် အတူတူပင်တည်းဟု
ဘော်ပြပေ၏။

ထိုပြင်အင်္ဂလိပ်ဘုရင်ဝိလီယံ (၁)သည်။နိုင်ငံကိုမစိုးစံမီက၊ အမြီးသုံးခုနှင့် ကြယ်တံခွန်ပေါ်လာသဖြင့်။ နော်မန်လူမျိုးတို့က။ တို့တိုင်းပြည်၌၊ ဘုရင်အသစ်တပါး ပေါ်ထွက်လိမ့်မည်ဟု။ရေးသားဘော်ပြထားကြောင်း။

လွန်ခဲ့သောနှစ်ပေါင်း-၄၂၂-လောက်က(ခရစ်ယန်သက္ကရာဇ် ၁၀၆၀- ပြင်သစ်ပြည် ဘုရင်ဟင်နရီ၊ အနိစ္စ ရောက်လိုသော်။ မီးရောင်ကဲ့သို့သောကြယ်တံခွန်တခုထွက်ပေါ်လာကြောင်း။

အီတလီပြည် ( Pope ) အရိုးကြီးရဟန်း၊ ကာလီတတ် (၃) လက်ထက်။ခရစ်ယန်သက္ကရာဇ်-၁၄၅၆။(သာသနာ သက္ကရာဇ် ၁၉၅၁)ခုတွင်လည်း။ကြယ်တံခွန်တခုထွက်ပေါ်၍သာကြောင်း။

ခရစ်ယန်သက္ကရာဇ်-၁၇၆၉။(သာသနာသက္ကရာဇ်-၂၄၁၂) ခုတွင်။နပိုလီယံ (၁) လက်ထက်ကြယ်တံခွန်ပေါ်ထွက်သဖြင့်။ အနိစ္စရောက်လေသည်ဟု၊စာအုပ်တခု၌တွေ့ရှိရလေသည်။

သိပေါဘုရင်ကိုအင်္ဂလိပ်တို့ဘမ်းယူစဉ်က။ ကြယ်များကြွေသကဲ့သို့။သက္ကရာဇ် ၁၁၆၁။၁၁၉၃။၁၁၉၅။၁၂၂၀။၁၂၃၄။ ခုနှစ်များတွင်လည်း။ကြွေကျကြောင်း။၁၀၂၃ ခုနှစ် လောက်က လည်း။ အာရပ်ပြည်ဘုရင်။ အီဘရာဟမ်-ဘင်-ဟာမက် အနိစ္စ ရောက်မည့်ညည့်တွင်။ မိုးယံ်းရွာ သကဲ့သို့။ ကြယ်များ ကြွေကျ ကြောင်း။စသောရှေးရာဇဝင်၊ ပုံပြင်ထုံးဟောင်းများကို ကြည့်ရှု သိမြင်ရသဖြင့်။နက္ခတ်တာရာဂြိုဟ်နေ ဂြိုဟ်သွားတို့ကို နားလည် ခြင်းသည်၊လောက၌မည်မျှလောက်အကျိုးကျေးဇူးကြီးမားသည် ကို။မဆုံးဖြတ်နိုင်ရှိပေသည်။

၍ကဲ့သို့ဖြစ်တတ်သော အကျိုးအကြောင်းများကြောင့်။ ရှေး မြန်မာပညာရှိတဦးရေးသားသည်မှာ။

နိဒါန်းမင်္ဂလာ။ရှည်ညွှန့်ဖြာပိမ့်။ချုပ်ရေ-ဧကရာဇ်၊ ဘုန်းသစ် တတ်တိုး။ စောသတိုးတို့။တန်ခိုးစည်းစိမ်၊ ရွှေအိမ်ရွှေနန်း။ စံမြန်း သည်မှ။အနိစ္စသို့။ရောက်ရလိုသော်။ထင်ပေါ်နိမိတ်။ အကြောင်း ဟိတ်ကား။အရိပ်ပျံသွားဘုရားပုထိုး၊ တန်ခိုးရောင်ခြည်၊ ထွက်

သည့်ထင်မြင်။ ကောင်းကင်ဝေမှိုင်း။ ရန်တိုင်းလေပြင်း။ နေနှစ်စင်းနှင့်။ လမင်းတံခွန်မိုဃ်းစွန်အလယ် ရှစ်ဂြိုဟ်ကြယ်လည်း။ မီးနှယ်ခိုးပြ ဗျည္ဇစရိယာ။ သိဟာဓာတုံ။ နိယတုံမှိ၍ မြေကြီးလျှောင်။ မြေပြင်အက်ကွဲ။ တော်လဲဥက္ကာ။ အညာရေစီး။ နတ်သွီးကမ်းဖြို။ နေ့ကိုကြယ်မြင်။နန်းတွင်ပျားစွဲ။ပျံ့ဝဲလင်းဒါ။ နားကြနန်းဦး။ဘီးလူးကိုယ်ထင်။အမြင်ပြဒြား။ သားတစ်သွေးခဲ။ သဲသဲမိုဃ်းရွာ။မိုဃ်းရွာကျောက်ခဲ။တောင်ကွဲထက်ခြမ်း။ကမ်းကိုလွှမ်းဖြိုး။ရေကြီးထူးဆန်း။မကန်းလိပ်ငါး။ကြီးမားရောက်လာ။အိမ်ရာဂဲဖြစ်။မြစ်ရေသျှံဖြို။ တောင်ပို့ရှည်သွား။ နဂါးပေါ်ထွက်။ ဒိန္နက်သကြံ။ ကြယ်ပျံကြယ်ပြောက်။အောက်သို့ကြွေကျ။လင်္ဂြိုဟ်ခွင်း။ဂြိုဟ်ခြင်းထိခိုက်။ရှေး၌စည်ဘာ။ဖြစ်ဘူးရာကို။ရာဇဝင်ကြောင်း။ထုံးဟောင်းအထွက်။စီးကုံးချက်သည်။လေ့ကျက်မှတ်ကုန်ရာသတည်း"။ဟူလည်းကောင်း။

မုံရွေးဇေတဝန် ဆရာတော် ဘုရားကြီးကလည်း။ "ပြန်ပြောညာဏ။အာကာသစာရီ။ကျမ်းဂန္ထိကို။နည်းမှီသသူ။မျိုးလေးဆုတို့။ကြီးထူပညာ။ ချမ်းသာရိပ်ညိမ်။ မစိုးရိမ်သည်။ စည်းစိမ်ကဲလိမ့်။သိမ့်သိမ့်တည်း"။ဟူ၍မိန့်တော်မူခဲ့၏။

ယင်းသို့ဖြစ်သောကြောင့်၊အယုံအကြည် ကင်းမဲ့သောသူတို့၏။ သံသယသည် ပျောက်ပျက်၍။ ရှေးရှေး အခါက ၂ နှစ်- သုံးနှစ်စသည်ဖြင့်။ ကြိုးကြိုး ကုတ်ကုတ်။ အားထုတ်သင်ကြားမှ တတ်မြောက်နိုင်သော။ ဤနက္ခတ်— တာရာတို့ကို။ ယခုစာအုပ်တွင်။ မပင်ပန်းဘဲ။ အချိန်နည်းစွာဖြင့်တတ်မြောက်နိုင်သည် ဖြစ်ပါ၍။ ဤကျမ်းကို ကြည့်ရှုလေ့လာသူ ဟူသမျှတို့သည်။ လိုအင် ဆန္ဒတလုံးတဝတည်း။ပြည့်စုံကြသည်ဖြစ်စေသတည်း။

ကောဓာသက္ကရာဇ်

၁၂၈၇-ခုတန်ဆောင်မုန်း လဆန်း ၅-ရက်နေ့

ဘတင်

20-10-25

R. No. 171 - 2.

# နက္ခတ္တဒီပနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

နက္ခတ္တဒီပနိံ လိခိဿာမိ၊ ။

အခန်း—၁။

နှစ်ဆဲ့ခုနစ်လုံးသောနက္ခတ်တို့ကို၊ လဃုသင်္ဂြဟာကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ အာကာသဿျတ္တရကျမ်းတို့နှင့်မိစစ်တိုက်ဆိုင်၍၊ နက္ခတ်လုံးရေ ပုံသဏ္ဌာန်တို့ကို၊ အသီးအသီး ပြဆိုလိုက်ပေအံ့ သ တည်း။ ။

(၁) အဿဝဏီနက္ခတ်ကား ၃-လုံး၊ မြင်းဦးခေါင်းသဏ္ဌာန် ရှိသည်ဟု လဃုသင်္ဂြဟာ၌ရင်း၊ ရာဇမတ္တဏ်၌ရင်းပြဆို၏၊ ။ အာကာသဿျတ္တရ၌ကား ၆-လုံးဟုဆို၏၊ သဏ္ဌာန်သည်းအတူတူ ပင်ပြ၏။ ။သံပေါက် ဆရာသည်ကား။ ။"အဿဝဏီ၊ ခြောက်လုံးညီ၊ တူပြီမြင်းခေါင်းလို" ဟုစပ်ဆိုသတည်း။ ။

(၂) ဘရဏီနက္ခတ်ကား ၃-လုံး၊ ခုံလောက်သဏ္ဌာန်ရှိ၏၊ ဤ၌ ၃-ကျမ်းလုံးညီညွတ်၏၊ ။ခုံလောက်ဟူသည်ကား၊ စဖို ခနောက်ကိုဆိုသတည်း၊ ။သံပေါက်ဆရာသည်ကား၊ ။"ဘရ ဏီမှာ၊ သုံးလုံးသာ၊ ပမာခုံလောက်လို" ဟုစပ်ဆိုသတည်း။ ။

(၃) ကြတ္တိကာနက္ခတ်ကား ၇-လုံး၊ မဇ္ဈိမ တိုင်းသူတို့၏ သင်ရုန်းသဏ္ဌာန်ရှိသည်ဟု၊ လဃုသင်္ဂြဟာ၌ရင်း၊ ရာဇမတ္တဏ်၌ ရင်းပြဆို၏၊ ။အာကာသဿျတ္တရ၌ကား၊ စပါးရသဏ္ဌာန်ဟုဆို

၏၊သံပေါက်ဆရာသည်ကား၊ ။"ကြတ္တိကာကြယ်၊ခုနစ်သွယ်၊ ကြက်ငယ်ရသလို"ဟုစပ်ဆိုသတည်း။ ။

(၄) ရောဟဏီနက္ခတ်ကား ၅-လုံး။ လှည်းဦးသဏ္ဌာန်ရှိသည်ဟု၊ လဃုသင်္ဂြိုဟ်၌ ၎င်း၊ ရာဇမတ္တဏ်၌၎င်းပြဆို၏။ အာကာသသျှတ္တရ၌ကား ၁၀-လုံး၊ ငါးကြင်းပွတ် သဏ္ဌာန်ဟုဆို၏။ သံပေါက်ဆရာသည်ကား။ ။"ဆယ်လုံးအညီ၊ ရောဟဏီ၊ တူပြိုင်ငါးကြင်းလို"ဟုစပ်ဆိုသတည်း။ ။

(၅) မိဂသီနက္ခတ်ကား ၃-လုံး။သမင်ဦးခေါင်းသဏ္ဌာန်ဟု လဃုသင်္ဂြိုဟ်၌ဆို၏။ အာကာသသျှတ္တရ၌လည်း နည်းတူပင်ဆို၏။ရာဇမတ္တဏ်၌ကား။အခုန်းသီးသဏ္ဌာန်ဟုဆို၏၊သံပေါက်ဆရာသည်ကား၊ ။"မိဂသီမှာ၊သုံးလုံးသာ၊ပမာလိပ်ခေါင်းလို" ဟုစပ်ဆိုသတည်း။

(၆) အဒြနက္ခတ်ကား ၁-လုံး။ ပတ္တမြားသဏ္ဌာန်ဟု ၃-ကျမ်းလုံးပင် ပြဆိုညီညွတ်၏။ သံပေါက်ဆရာသည်ကား။ ။ "လိပ်လက်ခေါ်ကြ၊အဒြ၊ကေတလုံးဆို"ဟုစပ်ဆိုသတည်း။ ။

(၇) ပုဏ္ဏဖုသျှုနက္ခတ်ကား ၄-လုံး။ အိမ်ကျင်သဏ္ဌာန်ဟု လဃုသင်္ဂြိုဟ်၌ဆို၏။ ။ရာဇမတ္တဏ်၌၊၆-လုံး။အာကာသသျှတ္တရ၌ ၅-သုံး။ လှေသဘော်သဏ္ဌာန်ဟူ၍ပြဆိုကြကုန်၏။သံပေါက်ဆရာသည်ကား။ ။"ပုဏ္ဏဖုသျှု၊ငါးလုံးပြု၊နှိုင်းတုသဘော်လို" ဟုစပ်ဆိုသတည်း။ ။

(၈) ဖုသျှနက္ခတ်ကား ၁၁-လုံး၊ဗိတာန်သဏ္ဌာန်ဟု၊ လဃုသင်္ဂြိုဟ်၌ဆို၏၊ရာဇမတ္တဏ်၌လုံးရေမပြ၊ပတိုင်သဏ္ဌာန်ဟုဆို၏။ အာကာသသျှတ္တရ၌ ၁၀-သုံး။မိုးခွေပန်းပွင့်သဏ္ဌာန်ဟု ပြဆို၏။ သံပေါက်ဆရာသည်ကား။ ။"ဌက်ချေးခံသွင်၊ဆယ်လုံးမြင်၊ခေါ်တွင်ဖုသျှုဆို"ဟုစပ်ဆိုသတည်း။ ။

(၉) အသလိသ နက္ခတ်ကား။ ၅-လုံးစစ် လက် နက်၊ သဏ္ဌာန်ဟု၊ လဃုသင်္ဂြိုဟ်၌ ပြဆို၏။ ရာဇမတ္တဏ်၌ လုံးရေမပြ၊

ပေါက်တူးရိုးသဏ္ဌာန်ဟုဆို၏။ အာကာသသျှတ္တရဋ္ဌကား ၄-လုံး ခက်ရင်းခွသဏ္ဌာန်ဟုပြဆို၏။ သံပေါက် ဆရာသည်ကား။ "အသာရှလိသား။လေးလုံးရ။တူမျှခက်ရင်းလို" ဟုစပ်ဆိုသတည်း။။

(၁၀) မာဃနက္ခတ်ကား ၅-လုံး။ အိမ် အခြင် သဏ္ဌာန်ဟု လဃုသဂြိုဟ်၌ဆို၏။ရာဇမတ္တဏ်၌-၅-လုံးပင်။ထွန်တုံးသဏ္ဌာန် ဟုဆို၏။ အာကာသ သျှတ္တရဋ္ဌ ၄-လုံး။ သံပေါက် ဆရာသည် ကား။ ။"ကြယ်မာဃမှာ။လေးလုံးသာ၊ တူစွာသံကောက်လို" ဟုစပ်ဆိုသတည်း။ ။

(၁၁) ပြုဗ္ဗါဘရဂုဏ္ဏီနက္ခတ်ကား။ ၂-လုံးညောင်စောင်းခြေ ၂-ခုသဏ္ဌာန်ဟု ၃-ကျမ်းလုံးပင်ပြဆို၏။ ။

(၁၂) ဥတ္တရာဘရဂုဏ္ဏီနက္ခတ်ကား။ ၂-လုံး။ ညောင်စောင်း နောက်ခြေ ၂-ခုသဏ္ဌာန်ဟု-၃ကျမ်းလုံး၌ပင်ပြဆို၏။ ။ညောင် စောင်းရှေ့ခြေ၊ နောက်ခြေဟုသိမှတ်ရာ၏။ ။သံပေါက်ဆရာ သည်ကား။ "ပြုဗ္ဗါဘရဂုဏ္ဏီ၊ ဥတ္တရာဘရဂုဏ္ဏီ၊ နှစ်လုံးစီ၊ တူပြီ ညောင်စောင်းလို" ဟုစပ်ဆိုသတည်း။ ။

(၁၃) ဟဿတနက္ခတ်ကား။ ၅-လုံး လက်ဝါးလက်ချောင်း သဏ္ဌာန်ဟု။ ၃-ကျမ်းလုံး၌ပင်ပြဆို၏။ ။သံပေါက် ဆရာသည် ကား။ ။"ဟဿတမှာ။ ၅-လုံးသာ။ပမာလက်ဝါးလို" ဟုစပ်ဆို သတည်း။ ။

(၁၄) စိတြာနက္ခတ်ကားတလုံး။ပုလဲလုံးသဏ္ဌာန်ဟုလဃုသ ဂြိုဟ်၌ပြဆို၏။ရာဇမတ္တဏ်၌လည်းနည်းတူပင်ဆို၏။ အာကာသ သျှတ္တရဋ္ဌ၌ပတ္တမြားသဏ္ဌာန်ဟုဆို၏။ ။

(၁၅) သွာတိနက္ခတ်ကားတလုံး။သဏ္ဌာတလုံး။သဏ္ဌာန်ဟုလ ဃုသဂြိုဟ်၌ပြဆို၏။ရာဇမတ္တဏ်၌ပတ္တမြားသဏ္ဌာန်။ အာကာသ သျှတ္တရဋ္ဌ ၂-လုံး။ကသစ်ပွင့်သဏ္ဌာန်ဟုဆို၏။ ။သံပေါက်ဆရာ သည်ကား။ ။"စိတြာတစ်။သွာတိနှစ်၊ကသစ်ပွင့်လိုလို" ဟုစပ် ဆိုသတည်း။ ။

(၁၆) ဝိသာခါနက္ခတ်ကား။ ၄-လုံး တုရင် တိုင် သဏ္ဌာန် ရှိသည်ဟုလဃုသင်္ဂြိုဟ်၌ဆို၏။ရာဇမတ္တဏ်၌။လုံးရေကိုမပြ။ပန်းကုံးသဏ္ဌာန်ဟုပြသည်။ အာကာသသျှုတ္တရ၌ကား။တဆဲ့လေးလုံးပတ်ဝိုင်းသဏ္ဌာန်ဟုပြဆိုသည်။ ။သံပေါက်ဆရာသည်ကား "ဆဲ့လေးလုံးသာ။ဝိသာခါ။ပမာပတ်ဝိုင်းလို"ဟုစပ်ဆိုသတည်း။

(၁၇) အနုရာဓ နက္ခတ် ကား။ ၄-လုံး။ ပတ္တမြား လေးလုံး သဏ္ဌာန်ဟု လဃုသင်္ဂြိုဟ်၌ ပြ ဆို ၏။ ရာဇမတ္တဏ်၌ ထန်းပင် သဏ္ဌာန်ဟုပြ၏။ ။အာကာသသျှုတ္တရ၌ကား။ ၁၂-လုံးရှိ၏။ဟု လုံးရေကိုသာပြ၍။သဏ္ဌာန်ကိုမပြ။ ။သံပေါက်ဆရာသည်ကား။ "ဆဲ့ငါးလုံးရ။နုရာဓ။နဂါးလည်ဆစ်လို"ဟုစပ်ဆိုသတည်း။ ။

(၁၈) ဇေဋ္ဌနက္ခတ်ကား။၃-လုံးနားဒောင်းသဏ္ဌာန်ဟုလဃုသင်္ဂြိုဟ်၌ပြဆို၏။ရာဇမတ္တဏ်၌ကား။တောင်ဝှေးရင်း သဏ္ဌာန်ဟုပြဆို၏။အာကာသသျှုတ္တရ၌ကား။၅-လုံးကျောက်ပျဉ်သဏ္ဌာန်ဟုပြဆို၏။ ။သံပေါက်ဆရာသည်ကား။"ငါးလုံးမှန်လှ။ကြယ်ဇေဋ္ဌ။နဂါးချက်ခေါ်ဆို"ဟုစပ်သတည်း။ ။

(၁၉) မူလနက္ခတ်ကား။တဆဲ့တလုံး။ ခြင်္သေ့မင်းသဏ္ဌာန်ဟုလဃုသင်္ဂြိုဟ်၌ပြ၏။ရာဇမတ္တဏ်၌။ကြာရိုးသဏ္ဌာန်ပြ၏။အာကာသသျှုတ္တရ၌။၄-လုံးကျောက်သားသဏ္ဌာန်ဟုပြ၏။ ။သံပေါက်ဆရာသည်ကား။ ။"လေးလုံးမှန်လှ။ ကြယ်မူလ။ နဂါးမြီးဖျားဆို"ဟုစပ်သတည်း။ ။

(၂၀) ပြုဗ္ဗါသဠ် နက္ခတ်ကား။ ၂-လုံး ဆင်စွယ် သဏ္ဌာန်ရှိသည်ဟုလဃုသင်္ဂြိုဟ်၌ဆို၏။ရာဇမတ္တဏ်၌ဗိဘာန်သဏ္ဌာန်ဟုဆို၏။အာကာသသျှုတ္တရ၌ကား ဆင်မ လှမ်းဟန်ဟုဆို၏။ ။

(၂၁) ဥတ္တရာသဠ် နက္ခတ် ကား။ ၂-လုံး ညှောင် စောင်း သဏ္ဌာန်ဟုလဃုသင်္ဂြိုဟ်၌ဆို၏။ရာဇမတ္တဏ်။အာကာသသျှုတ္တရတို့၌ကား။ပြုဗ္ဗါသဠ် ဥတ္တရာသဠ်။၂-လုံးကိုစပ်၍။ဗိတာန်သဏ္ဌာန်ဟုပြဆို၏။သံပေါက်ဆရာသည်ကား။ ။"ပြုဗ္ဗါသဠ်။ဥတ္တရာသဠ်။လေးလုံးမှန်။လှမ်းဟန်ဆင်မ လို"ဟုဆိုသတည်း။ ။

(၂၂) သရဝဏ်နက္ခတ်ကား။ ၃-လုံးတောင်ဝှေးသဏ္ဌာန်ဟု လဃုသင်္ဂြဟာ၌ဧရင်း။ရာဇမတ္တဏ်၌ဧရင်းပြဆို၏။အာကာသသျှတ္တရ ၌ကား။မြွှားသဏ္ဌာန်ဟုဆို၏။သံပေါက်ဆရာသည်ကား။ ။"သုံး လုံးမြွှားဟန်။သရဝဏ်။ရောင်လျှံ့ထွန်းဖိုဖို"ဟုစပ်သတည်း။

(၂၃) ဓနသိဋ္ဌနက္ခတ်ကား။ ၄-လုံးမုရိုးစည်သဏ္ဌာန်ရှိသည် ဟု။လဃုသင်္ဂြဟာ၌ပြဆို၏။ ရာဇမတ္တဏ်၌လက်ဖွဲ့သဏ္ဌာန်ဟုဆို ၏။အာကာသသျှတ္တရ၌။ ထိးသဏ္ဌာန်ဆို၏။ ။သံပေါက်ဆရာ သည်းကား။ ။"အင်ကြွင်းသီးသွင်။လေးလုံးမြင်။ မည်တွင်ဓန သိဋ္ဌဆို"ဟုစပ်ဆိုသတည်း။ ။

(၂၄) သတ္တဘိသျှနက္ခတ်ကား။ လုံးရေများပြားသေးငယ်၏။ ပန်းဝတ်မှုံဝတ်ဆံ သဏ္ဌာန်ရှိ၏ဟု။လဃုသင်္ဂြဟာ၌ ပြဆို၏။ ရာဇ မတ္တဏ်၌ကား။ဆန်ကွဲကြဲသကဲ့သို့ဟုသဏ္ဌာန်ရှိ၏ ဟုဆို၏။ အာ ကာသသျှတ္တရ၌ကား။ချောက်ဘိပွတ်ခုံသဏ္ဌာန်ရှိ၏ဟုဆို၏။ ။ သံပေါက်ဆရာသည်ကား။ ။"သတ္တဘိသျှ။ခြောက်လုံးရ။တူမှု ဆုံကြီးလို"ဟုစပ်ဆိုသတည်း။ ။

(၂၅) ပြုဗ္ဗါပရပိုက်နက္ခတ်ကား။ ၂-လုံးညောင်စောင်းခြေ။ ၂-ခုသဏ္ဌာန်ဟု။လဃုသင်္ဂြဟာ၌ပြဆို၏။ရာဇမတ္တဏ်၌။ ပြုဗ္ဗါပရ ပိုက်။ဥတ္တရာပရပိုက်-၂-လုံးကိုစပ်၍ ၄-လုံး ၄-ထောင့်အင်ပျဉ် သဏ္ဌာန်ဟုပြဆို၏။အာကာသသျှတ္တရ၌ကား။ဤ-၂-လုံးကိုစပ်၍။ ဖတိုင်ခြေ-၄-ခုသဏ္ဌာန်ရှိ၏ဟုပြ၏။

(၂၆) ဥတ္တရာပရပိုက် နက္ခတ်ကား။ ၂-လုံး ညောင်စောင်း ခြေ-၂-ခုသဏ္ဌာန်ဟုလဃုသင်္ဂြဟာ၌ပြဆို၏။ရာဇမတ္တဏ်။အာကာ သသျှတ္တရတို့၌။ ဤနက္ခတ်-၂-ခုလုံးကိုပေါင်းစပ်၍။လေးထောင့် ညောင်စောင်းခြေလေးခုသဏ္ဌာန်ရှိ၏ဟု ပြဆို၏။ ။သံပေါက် ဆရာသည်ကား။"ပြုဗ္ဗါပရပိုက်။ဥတ္တရာပရပိုက်။ပေါ်သရိုက်။မှတ် ပိုက်ညောင်စောင်းလို"ဟုစပ်ဆိုသတည်း။ ။

(၂၇) ရေဝတီနက္ခတ်ကား။ ၃၁-လုံး။ ကြေးဖန်းဆိုင်းဝိုင်း သဏ္ဌာန်ရှိ၏ဟု။လဃုသင်္ဂြိုဟ်၌ပြဆို၏၊ရာဇမတ္တဏ်၌ကား။ ငါး ကြင်းသဏ္ဌာန်ဟူ၍၎င်း။မြှုံးပေါင်သဏ္ဌာန်ဟူ၍၎င်းပြဆို၏။ အာ ကာသသျှတ္တရ၌ကား၊ ၆-လုံး မြှုံးရက်ဖေါက်သဏ္ဌာန်ဟု ပြဆို ၏၊ ။သံပေါက်ဆရာသည့်ကား။ ။"၆-လုံးအညီ။ ရေဝတီ၊ တူပြိုမြှုံးလိုလို"ဟုစပ်ဆိုသတည်း။ ။

(၂၈) အဘိဇိနက္ခတ်ကား။ဥတ္တရာသဠ် ၂-လုံး။သရဝဏ် နက္ခတ် က တလုံး။ ဤ ၂-မျိုး စပ် လျက် ၃-လုံး၊ ဘောင်း တင်း သဏ္ဌာန်ရှိ၏ဟုလဃုသင်္ဂြိုဟ်၌ပြဆို၏။ ။ရာဇမတ္တဏ်၌လုံးရေ သဏ္ဌာန်ကိုမပြ။အာကာသသျှတ္တရ၌ကား။ ကိတ်နက္ခတ်ကိုအဘိဇိ နက္ခတ်တည်းဟုပြ၍။ တဆဲ့တလုံး ကြာသွတ်အိုးသဏ္ဌာန်ရှိ၏ဟု ဆိုသည်။အချို့သောကျမ်းတို့၌။အဘိဇိနက္ခတ်ကား။ ကွယ်လေပြီ ဟူ၍၎င်း။ပေါ်ချည်၎တ်ချည်ဖြစ်၍၎င်း။ အရေအတွက်သို့မထည့် ဟုပြဆို၏။ ၃-ကျမ်းပြရာ၌၊ လဃုသင်္ဂြိုဟ်ကျမ်းကား။ သသ်က ရိုဋ်ဘာသာဖြင့်။ ဂါထာဗန္ဓဖွဲ့ဆိုသီကုံး၍ပြသော။ ကမ္ဘာ့တန်း ဆာဖြစ်သော ကျမ်းတည်းဟုသိရာ၏။ တွေ့ရှိရသောကျမ်းတချို့၌ ကား။၎င်းနက္ခတ်သည်။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုသည်နှစ်မှစ၍ ကွယ်သည်ဟုဆို၏။

---

ဆောင်ယူကျက်မှတ်လွယ်စေခြင်းငှါ။ သံပေါက်လင်္ကာကို အစဉ်အတိုင်းပြဆိုလိုက်ပေဦးအံ့။

(၁) အဿဝဏီ။ခြောက်လုံးညီ။ တူပြိုမြင်းခေါင်းလို။
(၂) ဘရဏီမှာ။သုံးလုံးသာ။ပမာခုံလောက်လို။
(၃) ကြတ္တိကာကြယ်။ခုနစ်သွယ်။ကြက်ငယ်ရသလို။
သုံးလုံးယှဉ်ရာ။ကျီးတာရာ။ သချ်ာဆယ်လုံးဆို။
(၄) ဆယ်လုံးအညီ။ရောဟဏီ။တူပြိုငါးကြင်းလို။
(၅) မိဂသီမှာ။သုံးလုံးသာ။ပမာလိပ်ခေါင်းလို။

(၆) လိပ်လက်ခေါ်ကြ။အခြံ၊ဧကတလုံးဆို။ ။
သုံးလုံးယှဉ်လာ၊ရွှေဟသာ၊သချာဆယ်လုံးဆို။ ။
(၇) ပုဏ္ဏဇသျှု၊ငါးလုံးပြု၊နိုင်းတသဘော်လို။ ။
(၈) ငှက်ချေးခံသွင်၊ဆယ်လုံးမြင်၊ခေါ်တွင်ဗသျှဆို။ ။
(၉) အသလိသ၊ငါးလုံးရ၊တူမျှခက်ရင်းလို။ ။
မုဗ္ဗန့်တာရာ၊ဆဲ့လေးသာ၊ယှဉ်ကာသုံးလုံးဆို။ ။
(၁၀) ကြယ်မာဃမှာ၊လေးလုံးသာ၊တူစွာသံကောက်လို။
(၁၁)-(၁၂) ပြုပ္ပါပရဂုဏ်၊ဥတ္တရာဘရဂုဏ်၊နှစ်လုံးစီ၊ တူပြီ
ညောင်းစောင်းလို။ ။
ယှဉ်တူသွားရာ၊ချိန်တာရာ၊မှန်စွာလေးလုံးဆို။ ။
(၁၃) ဟသတမှာ၊၅—လုံးသာ၊ပမာလက်ဝါးလို။ ။
(၁၄)—(၁၅) စိတြာတစ်၊သွာတိနှစ်၊ကာသစ်ပွင့်လိုလို။ ။
ဆံနွိုခြင်တာရာ၊ ၅-လုံးသာ၊ ယှဉ်ခါသွားသည်ကို။ ။
(၁၆) ဆဲ့သေးလုံးသာ၊ဝိသာခါ၊ပမာပတ်ပိုင်းလို။ ။
(၁၇) ဆဲ့ငါးလုံးရ၊နိုရာဓ၊နဂါးလည်ဆစ်လို။ ။
(၁၈) ငါးလုံးမှန်လှ၊ကြယ်ဇေဋ္ဌ၊နဂါးချက်ခေါ်ဆို။
တငါတာရာ၊ရှစ်လုံးသာ၊သွားလာယှဉ်မြဲကို။ ။
(၁၉) သေးလုံးမှန်လှ၊ကြယ်မူလ၊နဂါးမြီးဖျားဆို။ ။
(၂၀)—(၂၁) ပြုပ္ပါသဠ်၊ဥတ္တရာသဠ်၊လေးလုံးမှန်၊လှမ်းဟန်
ဆင်မလို။
သုံးလုံးယှဉ်လာ၊ဆင်တာရာ၊သချာရှစ်လုံးဆို။ ။
(၂၂) သုံးလုံးမြွားဟန်၊သရဝဏ်၊ရောင်လျှံရွှန်းဝိုဝို။ ။
(၂၃) သတ္တဘိသျှ၊ချောက်လုံးရ၊တူမျှဆုံကြီးလို။ ။
(၂၄) အင်ကြင်သီးသွင်၊လေးလုံးမြင်၊မည်တွင်ဓနသိဋ္ဌဆို။
ကိုးလုံးသချာ၊မြင်းတာရာ၊ယှဉ်လာသုံးလုံးကို။ ။
(၂၅)—(၂၆) ပြုပ္ပါပရပိုက်၊ ဥတ္တရာပရပိုက်၊ခေါ်သရိုက်၊
မှတ်ပိုက်ညောင်စောင်းလို။ ။
(၂၇) ၉—လုံးအညီ၊ရေဝတီ၊တူပြီမြှုံးလိုလို။ ။

၉—လုံးမှန်စွာ။မျိုင်းဘာခရာ။သွားရာယှဉ်မြဲကို။ ။
နက္ခတ်ဘာရာ။ယှဉ်သွားလာ။ရံခါမကွဲပြို။ ။
ကျမ်းသျှတ္တရာ။ဤသို့လာ၊မှတ်ပါများလူမိုလ်။ ။
နက္ခတ်တာရာ။သွားလာယှဉ်ဟန်။ သံပေါက်ပြန်။ မကျန်ပြီး၏ကို။ ။
ကျိုးဟာသ်ဘွန်။ ပုဗ္ဗန်ချိန်ခွင်၊ ဆံခြင်ပုဏ္ဏား။စီစဉ်ထား။ ဆင်အားမြင်းမျိုင်းဆို။ ။
သံပေါက်ဆရာကား။ တာရာကို။ ပုဏ္ဏားဟု စပ်ဆိုသည်။ ။

နှစ်ဆဲ့ ခုနစ်လုံးသော နက္ခတ် တို့ကို။ လဃုသင်္ဂဟ ကျမ်း။ ရာဇမတ္တဏ်ကျမ်း။အာကာသသျှတ္တရကျမ်းလင်္ကာ သံပေါက်တို့နှင့်ဝိစစ်တိုက်ဆိုင်၍။ နက္ခတ်လုံးရေပုံသဏ္ဍာန်တို့ကို။ အသိ.အသီး ထိသာထင်ရှားအောင်ပြဆိုခြင်းကားပြီး၏။

---

## အခဏ်း—၂။

### နက္ခတ်တို့၏။သွားကုန်သောခရီးကိုပြဆိုဦးအံ့။

ကြတ္တိကာ။ရောဟဏီ။မိဂသီ။ အဒြာ။ပုဏ္ဏဗသျှု။ ဗုသျှ။အသလိဿ။ မာဃ။ပြုဗ္ဗါဘရဂုဏ္ဏီ။မူလ။ပြုဗ္ဗါသဠ်။ဥတ္တရာသဠ်။ဤတဆဲ့နှစ်လုံးတို့သည်။လျှင်သောနက္ခတ်မည်ကုန်၏။

စိတြ။သွာတိ။ဝိသာခါ။အနုရာဓ။ဇေဋ္ဌ။သတ္တဘိသျှ။ ပြုဗ္ဗါပရပိုက်။ ဥတ္တရာပ္ဖရပိုက်။ ရေဝတီ။ ဤကိုးလုံးတို့သည်။ နှေးသော နက္ခတ်မည်ကုန်၏။

အဿဝဏီ။ဘရဏီ။ ဥတ္တရာဘဂုဏ္ဏီ။ဟဿတ။သရဝဏ်။ဓနသိဋ္ဌ။ ဤခြောက်လုံးတို့သည်။ မနှေးလွန်း -မလျှင်လွန်းသော နက္ခတ်မည်ကုန်၏။ ဤကားလောကဒီပနီကျမ်းအလာတည်း။

---

## အခန်း ၃။

### အရှေ့နက္ခတ်။တောင်နက္ခတ်။အနောက်နက္ခတ်။မြောက်နက္ခတ်တို့ကိုသိသာထင်ရှားအောင်၊အသီးအသီး ။ ပြဆိုလိုက်ပေဦးအံ့။

အထက်၌ပြဆိုအပ်ခဲ့ပြီးသော နက္ခတ်တို့၏။ အ ရေ အတွက် အနည်းအများ ပုံသဏ္ဌာန်တို့ကို။ ကျမ်းအဆို မညီမညွတ် သော်လည်း။ဝေါဟာရများချောသို့လိုက်၍။ အဆင့်ဆင့်သာမှတ်သားကြကုန်ရာသတည်း။

(၁) ၁-ကြတ္တိကာ။ ၂-ရောဟဏီ။ ၃-မိဂသီ။ ၄-အဒြ။ ၅-ပုဏ္ဏဖုသျှ။ ၆-ဖုသျှ။ ၇-အသလိဿ။ ဤ ၇-လုံးသော နက္ခတ်တို့ကို။အရှေ့တျူရူကထွက်သော၊ နက္ခတ်တို့ဖြစ်သောကြောင့်၊အရှေ့နက္ခတ်တို့ဟူ၍။သိမှတ်အပ်ကုန်၏။

(၂) ၁-မာဃ။ ၂-ပြုဗ္ဗါဘရဂုဏ္ဏီ။ ၃-ဥတ္တရာဘရဂုဏ္ဏီ။ ၄-ဟဿတ။ ၅-စိတြ။ ၆-သွာတိ။ ၇-ဝိသာခါ။ ဤ ၇-လုံးသောနက္ခတ်တို့ကို။တောင်ဘက်သို့ထွက်၍သွားသောကြောင့်။ တောင်ဘက်နက္ခတ်တို့ဟူ၍။သိမှတ်အပ်ကုန်၏။

(၃) ၁-အနုရာဓ။ ၂-ဇေဋ္ဌ။ ၃-မူလ။ ၄-ပြုဗ္ဗါသဠ်။ ၅-ဥတ္တရာသဠ်။ ၆-အဘိဇိ။ ၇-သရဝဏ်။ ဤ ၇-လုံးသောနက္ခတ်တို့ကို အနောက်တျူရူသို့ဝင်သောကြောင့်။ အနောက်နက္ခတ်တို့ဟူ၍။ သိမှတ်အပ်ကုန်၏။

(၄) ၁-ဓနသိဒ္ဓ။ ၂-သတ္တဘိသျှ။ ၃-ပြုဗ္ဗါပရပိုက်။ ၄-ဥတ္တရာပရပိုက်။ ၅-ရေဝတီ။ ၆-အသဝဏီ။ ၇-ဘရဏီ။ ဤ ၇-လုံးသောနက္ခတ်တို့ကို။ မြောက်ဘက်သို့ ဝင်သောကြောင့်။ မြောက်ဘက်နက္ခတ်တို့ဟူ၍။သိမှတ်အပ်၏။

အခန်း—၄။

ပ ထဝီ စသော ဓါတ် ၄-ပါးနှင့် ဆက်ဆံသော
နက္ခတ်တို့ကို။အာကာသသျှတ္တရကျမ်းအဆို
အတိုင်းလင်္ကာပုဒ်ဖြင့်ပြဆိုလိုက်ဦးအံ့။

(၁) ဘရဏီတဖြာ။ ကြတ္တိကာ၊မာဃာ။ ဖုသျှပုံပွါဘရဂုဏ္ဏီ။ တွင်ညီမည်သာ။ပြုပွါပခုမိုက်။ဤမျှနက္ခတ်။တေဇောဓါတ်တည့်။

(၂) ဟဿတနှင့်။စိတြာတွင်မည်။ဥတ္တရဘာရဂုဏ္ဏီ။အဿဝဏီ တလီ။ မိဂသီသွာတိ။ပုဗ္ဗာဖုသျှ၊တဝ။ဤမျှနက္ခတ်။ ဝါယောဓါတ် တည့်။

(၃) အဒြနှင့်။ မူလ တတန်။ ပြုပွါသဠ်မွန်။ ကျော်ဇုန် အဿ လိဿ။ဥတ္တရာသဠ်။ သတ္တဘိသျှ။ ရေဝတီ။ ဤသည်နက္ခတ်။အာ ပေါဓါတ်တည့်။ ။

(၄) အနုရာဓ။ ဓနသိဋ္ဌ။ဇေဋ္ဌဝိသာခါ။ ရောဟဏီပါ။ တဖြာ နှစ်တန်။ဥတ္တရာသဠ်သရဝဏ်။ချနှစ်မူနက္ခတ်။ပထဝီဓါတ်တည့်။

ဓါတ် ၄-ပါးနှင့် ဆက်ဆံသော နက္ခတ်အသီးသီးတို့ကို
လင်္ကာဖြင့်ရေတွက်ပြဆိုခြင်းကားပြီး၏။

---

နက္ခတ် ၂၇-လုံးသည်၊မည်သည့်ဓါတ်နက္ခတ်ဖြစ်
ကြောင်းကို။ဓါတ်ကျမ်းတွင်ပါရှိသည့်
အတိုင်း ပြဆိုလိုက်ဦးအံ့။

စိန်ပုလဲညှာ။မြခွဲဝါဖြင့်။မိလ္လာဇော်ရင့်။တိမ်အဆင့်မှာ။ စိန်တ ပွင့်ခံ။နီဖလံမို့။ မာန်တရေးရေး။ ဟန်နွေးနွေးနှင့်။ မုလေး ပွင့်ဆိုင်။ စမွါယ်ခိုင်သို့။ ယှဉ်ပြိုင် မကွာ။ ယုန် သော် တာနှင့်။ ရုံတမြွာချို။ ချဝန်းညီ၍။ဗေဟိစည်နှုက်။ ညဥ်းလေးချက်တွင်။ မြရွက်ချောင်ညို။ ပြုမလိုနှင့်။ စိမ်းစို မောင်းနက်။ အခိုးထွက်သည်။ နက္ခတ်ကိုးခိုင်။

နဝင်းဆိုင်၍။ လှိုင်ပနံကြော့။ ငွေလဘော့နှင့်။ သော့ မရမ်း ယှဉ်။ ထွက်လာလျှင်သော်။ အစဉ်ခေါ်ညီ။ ရောင်ချင်းစီသည်။ အဿဝဏီမာယာ။ ရိုးရိုးရှုနှင့်။ မူလနက္ခတ်။ ဆိုဆုံးဖြတ်သော်။ ကြိုပ်မြတ်ပထဝီ။ စဉ်ကာမှီ၍။ ဘရဏီမည်ရ။ ဝင်းဝင်းမြနှင့်။ ပြုပ္ပါဘရဂုဏ္ဏီ။ နွဲကာနိုလို။ ရွှေဆီမှုန်းပြန်။ ပြုပ္ပါသန္တိက။ အာပေါလေမ့်။ မြွှဲလုံးစီ။ တူပြိုင်ညီသည်။ ရောဟဏီဟာသာတ။ ပြောင်ပြောင်ကွေ့လို့။ ကြယ်မြမောက်ချွန်။ သရဝဏ်နောက်။ ဝါယောခေါ်၏။ ထွန်းပေါ်ထွက်ရှိ။ ကြယ်ကြတ္တိနှင့်။ မဏီရောင်ထုတ်။ တန်ခိုးချုပ်သည်။ ဥတ္တရဘရဂုဏ္ဏီ။ ရောင်ချည်ဝင်းဝါ။ တူယှဉ်ခါနှင့်။ ဥတ္တရာသန္တိ။ တေဇော ဓနိ၏။ ရောင်လျှံဝဲချီ။ မိုဃ်းတိမ်ဆီမှ။ မိဂသီစိတြ။ တံခွန်ပြသည်။ နေသိဒ္ဓိ။ တန်ခိုးရှိလျက်။ ကြီးဘိတေဇာ။ ဓါတ်အာကာပေ။ ငရေခေါ်ကြ။ အဒြနှင့်။ သတ္တဘိသျှ။ ကြယ်များသွာတိ။ မည်ရှိ သည်းခြေ။ နောက်ကိုပေမူ။ ဘော်ငွေသွင်ရုပ်။ အစွန်းထုတ်သည်။ ပုဏ္ဏဖုသျှ။ အကာရတွင်။ အထုကြီးစွာ။ ဝိသာခါနှင့်။ ပြုပ္ပါပရပိုက်။ ရေဟုဆိုက်၏။ ဘိုးထိုက်မိုးဝ။ ကြယ်ဖုသျှနှင့်။ နုရာဓသာ။ မြဲမကွာသည်။ ဥတ္တရာပရပိုက်။ သောကြာဆိုက်၏။ ပုလိုက်ချမ်းမြေ။ အဿလိဿနှင့်။ ဇေဋ္ဌရေဝတီ။ ကိတ်ဓါတ်ချီ၍။ စိုးမှိုကြိုပ်နေ။ တန်ခိုးဝေသည်။ တနင်္ဂနွေ။ တနင်းလာ။ အင်္ဂါ။ ဗုဒ္ဓဟူး။ စနေ။ ကြာသပတေး။ ရေဟု။ သောကြာ။ ကိတ်ဓါတ်။ အစဉ်မှတ်၍။ သမသတ်ရောင်။ လနှယ်ဆောင်သည်။ ။ထွန်းပြောင်နက္ခတ်ကိုးခန်းတည်း။

---

## အခန်း—၅။

နက္ခတ်အားဖြင့်။ ဝတ်ဆင်ရသောကျောက်မျိုးကိုပြဦးအံ့။

အဿဝဏီ။ ဘရဏီ။ ကြတ္တိကာ။ ရောဟဏီ။ မိဂသီ။ အဒြ။ ဤနက္ခတ်တို့၌ကား။ ပတ္တမြားဝတ်ရ၏။

ပုဏ္ဏဖုသျှ။ ဖုသျှ။ အဿလိဿ။ စိတြ။ သွာတိ။ ဝိသာခါ။ အနုရာဓ။ ဇေဋ္ဌ။ မူလ။ ပြုပ္ပါသန္တိ။ ဤနက္ခတ်တို့၌ကား။ ကြောင်ဝတ်ရ၏။

ဥတ္တရာသဠ်။ သရဝဏ်။ ဓနသိဋ္ဌ။ သတ္တဘိသျှ။ ပြုပ္ပါပရပိုက်။ ဥတ္တရာပရပိုက်။ ရေဝတီ။ ဤနက္ခတ်တို့ဩကား။ ဂေါမှတ်ဝတ်ရာ၏။

ဤသို့ဆိုခဲ့သည့် အတိုင်း။ ဝတ်သင်မှု။ ခပ် သိမ်း သောဘေး အန္တရာယ်ပျောက်ရာ၏။ ကြောင့်ကြစိုးရိမ်ခြင်းကင်းရာ၏။ နှစ်လိုဝမ်းသာဖြစ်ရာ၏။ ရန်မနှံခပ်သိမ်းတို့ကိုလည်းအောင်အံ့။ အလိုခပ်သိမ်းပြည့်စုံအံ့ဟူ၍။ မှတ်အပ်ကုန်၏။

---

## အခဏ်း—၆။

### တာရာကြီးတလုံးတလုံးစီနှင့်။ ၃-လုံး ၃-လုံးသော နက္ခတ်ဘို့၏အရပ်မြို့ရွာတိတ်စွဲကို ပြဆို လိုက်ဦးအံ့။

(၁) ကာကာ-ကျီးတာရာ။ ကျီး၏သဏ္ဌာန် ၁၀-လုံး။ သံတွဲပြည်။ ။နက္ခတ်တိတ်စွဲကား။အဿဝဏီ-ဂျွမ်းပြည်။ ဘရဏီ-ပုဂံပြည်။ကြတ္တိကာ-ရခိုင်ပြည်။

(၂) ဟံသာ- ဟင်္သာတာရာ။ ဟင်္သာ၏ သဏ္ဌာန် ၁၀-လုံး။ မြန်မာပြည်။ ။နက္ခတ်တိတ်စွဲကား။ ။ရောဟဏီ-သိင်္ဂနိုပြည်။ မိဂသီ-ဟံသာဝတီ။အဒြ-ထားဝယ်ပြည်။

(၃) ကဏ္ဍုဍ္ဍ-ဗုဇ္ဇနိ တာရာ။ ဗုဇ္ဇနိသဏ္ဌာန် ၁၄-လုံး။ ရာဇဂြိုဟ်ပြည်။ ။နက္ခတ်ဘိတ်စွဲကား။ ။ပုဏ္ဏဗုသျှ-ဒဂုံပြည်။ ဗုသျှ-ကျပင်းပြည်။အဿလိဿ-သထုံပြည်။

(၄) တူလာ-ချိန်တာရာ။စဉ်းချိန်သဏ္ဌာန် ၄-လုံး။သက်ပြည် နက္ခတ်ဘိတ်စွဲကား။ ။မာဃ-ဗာရာဏသီပြည်။ ပြုပ္ပါဘရဂုဏီ-မိတ္ထိလာပြည်။ဥတ္တရာဘရဂုဏ္ဏီ-စမ္ပာနဂိုရ်ပြည်။

(၅) ရူလာ- ဆံခြင်တာရာ။ ဆန်ခြင်တင်း သဏ္ဌာန် ၅-လုံး။ ကောသမ္ဗီပြည်။ ။နက္ခတ်တိတ်စွဲကား။ ။ဟာသတ-ဧညဝတီပြည်။စိတြ-ဝေသာလီပြည်။သွာတိ-သံတွဲပြည်။

(၆) ကေဝန္တ-တံငါတာရာ။ တံငါလှေသဏ္ဌာန် ၈-လုံး။ တလိုင်းပြည်။ ။နက္ခတ်တိတ်စွဲကား။ ။ဝိသာခါ-ကမ္ဘောဇပြည်။ အနုရာဓ-စေတရဋ္ဌရာပြည်။ဇေဋ္ဌ-ကာလိက်ရာဇ်ပြည်။

(၇) ဟတ္ထိ-ဆင်တာရာ။ဆင်သဏ္ဌာန် ၈-လုံး။ရှမ်းပြည်။ ။နက္ခတ်တိတ်စွဲကား။ ။မူလ-ပဉ္စာလရာဇ်ပြည်။ပုဗ္ဗါသဠ်-မရဋ္ဌမပြည်။ဥတ္တရာသဠ်-မောလမြိုင်ပြည်။

(၈) အဿ-မြင်းတာရာ။မြင်းသဏ္ဌာန် ၉-လုံး။ကုလားပြည်။ နက္ခတ်တိတ်စွဲကား။ ။သရဝဏ်-ရှမ်းပြည်။ဓနသိဋ္ဌ-ကောသမ္ဘီပြည်။သတ္တဘိသျှ-ရာဇဂြိုဟ်ပြည်။

(၉) ဗကာံ-ချိုင်းတာရာ။ဥချိုင်းသဏ္ဌာန် ၉-လုံး။ သောဏ္ဏတဲပြည်။ ။နက္ခတ်တိတ်စွဲကား။ ။ပုဗ္ဗါပရပိုက်-ဇာနုပဋ္ဌ နဂိုရ်ပြည်၊ဥတ္တရာပုရပိုက်-ကပိလဝတ်ပြည်။ရေဝတီ-ကုသိန္နာရုံပြည်။

ယင်းသို့ ပြဆိုခဲ့ပြီးသောတာရာကြီး ၉-လုံးတို့တွင်။ အကြင်အကြင်တာရာသည်ထွန်းလင်းခြင်း။ ညှိုးနွမ်းခြင်း။ ထိုထိုတာရာနှင့်။ အတူ ယှဉ်၍လည်သော ၃-လုံး ၃-လုံးသော နက္ခတ်တို့တွင်လည်း။အကြင်အကြင်နက္ခတ်သည်။ထွန်းလင်းခြင်း။ ညှိုးနွမ်းခြင်းဟူသော။တိတ်နိမိတ်တို့ကို။ နေမိတ္တကဗြိဟာစ်ကျမ်း။ အာကာသသျှတ္တရကျမ်းတို့၌ပြဆိုသောနည်းအရ။ သံပေါက်ဆရာတို့လက်ာစပ်ဆိုကြသည်ကား။

(၁) ထိုကြည်ထိုကြည့်။ထွန်းလေသည်။ထိုပြည်ဝပြောစွာ။

(၂) ထိုကြည်ဝင်းဝင်း။ထိုပြည်မင်း။တက်ခြင်းဘုန်းတေဇာ။

(၃) ထိုကြည်ညှိုးလှ။ထိုပြည်မ။ဖြစ်ရဉပါဒ်။

(၄) ထိုကြည်မလင်း။ထိုပြည်မင်း။ရောက်ခြင်းဘေးရောဂါ။ စသည်ဖြင့်စပ်ဆိုကြကုန်သတည်း။

---

## အခန်း—၇။

ပြဆိုခဲ့ပြီးသော တာရာကြီး ၉-လုံးတို့၏ ပမာဏနှင့်။ လုံးရေ သဏ္ဍာန်ကို။ လောကပညတ္တိ ပဒေသာကျမ်း၌ ပြဆိုသည် ကား။ ။ငယ်သောတာရာကား။ တကောသခွဲပမာဏရှိ၏။ ကြီး သောတာရာကား ၁၃-ယူဇနာခန့်မျှရှိ၏။

(၁) ကြီးတာရာကား ၁၂-လုံး။ သဏ္ဍာန်တို့ကား။ နောက်က ပြခဲ့သည်နှင့်တူ၏၊ ။

(၂) ဟသ်ာတာရာကား ၉-လုံး။

(၃) ဗုဒ္ဓနံတာရာကား ၁၄-လုံး။

(၄) ချိန်တာရာကား ၄-လုံး။

(၅) ဆံခြင်တာရာကား ၃-လုံး။

(၆) တံငါတာရာကား ၈-လုံး။

(၇) ဆင်တာရာကား ၉-လုံး။

(၈) မြင်းတာရာကား ၁၃-လုံး။

(၉) မျိုင်းတာရာကား ၈-လုံး။

ဤသို့ပြဆို၏။ ကျမ်းဂန်တို့၌ အရေအတွက် မညီညွတ်သော် လည်း။ မျက်စိအမြင်ဖြင့်သင်ကြား၍မှတ်သားရာ၏။

အတွင်းတာရာကြီး ၉-လုံးကို။ လောကပညတ္တိကျမ်း။
သျှတ္တရကျမ်းတို့၌အဆိုမညီညွတ်သည်ကို။
ပြဆိုခြင်းကားပြီး၏။

---

## အခန်း—၈။

အပြင်တာရာ ၂၈-လုံးတို့ကို ပြဆိုလိုက်ဦးအံ့။

ပြင်တာရာတို့သည်လည်း။ ငယ်သောတာရာကား။ တကောသ ပမာဏရှိ၏။ ကြီးသောတာရာကား။ တဆဲ့သုံးယူဇနာ။ တဆဲ့လေး ယူဇနာပမာဏရှိ၏ဟု။ လောကပညတ္တိကျမ်း၌ပြသည်။

(၁) ထိုဖြင့်တာရာ တို့သည်လည်း။ တောင်မျက်နှာ၊ တာရာ ၉-လုံး။ အရှေ့ မျက်နှာတာရာ ၉-လုံး။ မြောက်မျက်နှာ တာရာ၉-လုံး။ အနောက်မျက်နှာတာရာ၇-လုံးအားဖြင့်။ နှစ်ဆဲ့ရှစ်လုံးရှိ၏။

## (၁) တောင်မျက်နှာတာရာ ၉-လုံးကို။ ရေတွက်၍ ပြသော်ကား။

(၁) အာသဏီတာရာတလုံးကား။ပတ္တမြားသဏ္ဍာန်ရှိ၏။

(၂) ဖုသျှတာရာ ၁၁-လုံးကား။ ကြောင်ဦးခေါင်း သဏ္ဍာန်ရှိ၏။

(၃) သဉ်တာရာ ၅-လုံးကား။ခရုသင်းသဏ္ဍာန်ရှိ၏။

(၄) စာတုကပ်တာရာ၄-လုံးကား။ဖွဲ့ရက်သောလက်သဏ္ဍာန်ရှိ၏။

(၅) ယောတ္တတာရာ ၉-လုံးကား။ကြိုးလွန်းသဏ္ဍာန်ရှိ၏။

(၆) ရုတ္တတာရာ ၂လုံး။ တနည်းရှစ်လုံးဟု၍လည်းပြ၏။လှေငယ်၏ဦးပဲ့၌။တံငါလင်မယားတို့ထိုင်၍နေဟန်သဏ္ဍာန်ရှိ၏။

(၇) ပေါစောကိတာရာ ၈-လုံးကား။ သသ်ဘမိမလည်ချင်း ရှက်လျက်။အရှေ့အနောက်။အဖို ၄-လုံး။ အမ ၄-လုံး ရှိ၏။

(၈) ဘဂတ်တာရာ ၇-လုံးကား။ချွန်းတောင်းသဏ္ဍာန်ရှိ၏။

(၉) ဘဒ္ဒရတာရာ ၅-လုံးကား။လယ်ပုဖွန်သဏ္ဍာန်ရှိ၏။

တောင်မျက်နှာတာရာ ၉-လုံးကိုပြဆိုခြင်းကားပြီး၏။

---

## (၂) အရှေ့မျက်နှာတာရာ ၉-လုံးကို ရေတွက်၍ ပြသော်ကား။

(၁) ဓာဒုကတာရာ ၂-လုံးကား။ ညောင် စောင်း သဏ္ဍာန် ရှိ၏။

(၂) ပုဗ္ဗကတာရာ ၅-လုံးကား။ စမွါယ်ပွင့် ဟင်္သာ မွေး သဏ္ဌာန်ရှိ၏။

(၃) နိရုမ္ဗတာရာ ၄-လုံးကား။ပလ္လင်သဏ္ဌာန်ရှိ၏။

(၄) ပါသာဒတာရာ ၂၄-လုံးကား။ခုတ်ပုံသဏ္ဌာန်ရှိ၏။

(၅) သျှုနတာရာ ၃-လုံးကား။ပန်းတောင်းသဏ္ဌာန်ရှိ၏။

(၆) ပကပ်တာရာ၄-လုံးကား။အင်းပျဉ်သဏ္ဌာန်ရှိ၏ဟူ၍ပင် ပြ၏။

အရှေ့မျက်နှာတာရာ ၆-လုံးကိုပြဆိုခြင်းကားပြီး၏။

---

## (၃) မြောက်မျက်နှာတာရာ ၆-လုံးကို။ ရေတွက်၍ ပြသော်ကား။

(၁) ဓါရုတာရာ ၁-လုံးကား။ ကြာပွင့်သဏ္ဌာန်ရှိ၏။ ရုပ် ကြယ်ကိုပင်ဆိုသတည်း။

(၂) တာလိတာရာကား။ လုံးရေမရှိ။ ကြာရိုးကြာရွက် သဏ္ဌာန်ဟုပြ၏။

(၃) ဖုဿျတာရာ ၇-လုံးကား။ နဂါးသဏ္ဌာန် ရှိ၏။ ခုနစ်စဉ် ကြယ်ကိုပင် ဆိုသတည်း။ ။ထိုခုနစ်စဉ်ကြယ်၌။ ဦး ခေါင်းမှစ၍ ၅-တေး-၃ ဂ်ါ-စနေ။ ၄ ဟူး။ သောကြာ။ တနင်္ဂနွေ။ တနင်းလာဟု ပြဆို၏။ အချို့သော သျှုတ္တရ ကျမ်းတို့၌ကား။ ၎င်းဖုဿျတာရာကို မှန်ကူသီး သဏ္ဌာန် ဟုပြ၏။ အချို့သောကျမ်း၌ကား။ နဂါးရုပ် သဏ္ဌာန်ဟု ပြ၏။ နဂါးရုပ်သဏ္ဌာန်ကား။ မျက်စိအမြင်နှင့် ညီညွတ် သတည်း။

(၄) ကေသိတ္တကတာရာ ၆-လုံး ကား။ ကြောင်စာ ခွက် သဏ္ဌာန်ရှိ၏။

(၅) တရိဂုဏ်တာရာ ၄-လုံးကား။မြှန်ကူသီးသဏ္ဌာန်ရှိ၏။
(၆) ရူပတာရာ ၅-လုံးကား။တံကျင်သဏ္ဌာန်ရှိ၏။

မြောက်မျက်နှာတာရာ ၆-လုံးကိုပြဆိုခြင်းကားပြီး၏။

---

(၄) အနောက် မျက်နှာတာရာ ၇-လုံးကို
ရေတွက်၍ပြသော်ကား။

(၁) ဗျဥ္ဇကတာရာလုံးရေ ၅၀-ကား။ကြက်ရုပ်သဏ္ဌာန်ရှိ၏။
(၂) ဥတ္တရာတာရာ ၇-လုံးကား။ထိုအတူပင်ရှိ၏။
(၃) ဇရက တာရာ ၈-လုံးကား၊ မိကျောင်း အ မြီး ခပ် ပုံ သဏ္ဌာန်ရှိ၏။
(၄) ကောဗျာကတိတာရာ ၁၀-လုံးကား။တနည်း ၁၁-လုံး ဟူ၍လည်းပြ၏၊ကပ်စစ်သဏ္ဌာန်ရှိ၏။
(၅) သရိဒ္ဓကာတာရာ ၄-လုံးကား။ ကြက်ခြေသဏ္ဌာန်ရှိ၏။
(၆) အရိဋ္ဌဇတာရာ ၆-လုံးကား။စောင်းတန်းလှေခါးသဏ္ဌာန် ရှိ၏။
(၇) ဝါနရီတာရာ ၄-လုံးကား။ချိန်စဥ့်ကိုင်းသဏ္ဌာန်ရှိ၏။

အနောက်မျက်နှာတာရာ ၇-လုံးကိုပြဆိုခြင်းကားပြီး၏။

တောင်မျက်နှာတာရာ ၈-လုံး။အရှေ့မျက်နှာတာရာ ၆-လုံး။ မြောက်မျက်နှာတာရာ ၆-လုံး။ အနောက်မျက်နှာတာရာ ၇-လုံး။ အားဖြင့်။ ပြင်တာရာ ၂၇-လုံးတို့၏ လုံးရေသဏ္ဌာန်ကို ပြဆိုခြင်း ကားပြီး၏။

---

အခန်း—၉။

ထိုတာရာငယ်တို့၏မြို့ရွာအရပ်တိတ်စွဲကိုပြဆိုလိုက်ဦးအံ့။

(၁) တောင်မျက်နှာတာရာ ၈-လုံးတို့တွင်။

(၁) အာဏီတာရာကား။တနင်္သာရီပြည်။
(၂) ဗြဿတာရာကား။ယွန်းပြည်။

(၃) သဝ်တာခုကား။ရခိုင်ပြည်။
(၄) ဝေဒေဟကပ်တာချကား။ဂျွမ်းပြည်။
(၅) ယောတ္တတာချကား။မိုးညှင်းပြည်။
(၆) ရုဣတာချကား။တရုပ်ပြည်။
(သိဟိုဠ်ကျွန်းသားတို့ကား။တရုပ်ကိုစိန့်ဟူ၍ခေါ်ကြ၏။စိန့်ပြည်ဟူ၍လည်းပြ၏။)
(၇) ဖေါစောကိတာချကား။တလိုင်းပြည်။
(၈) ပဂတ်တာချကား။ဓါးဝယ်ပြည်။
(၉) ဘတ္တရတာချကား။ရှမ်းပြည်။ဤသို့ပြဆို၏။

တောင်မျက်နှာတာချ ၉-လုံးတို့၏ မြို့ရွာ
တိတ်စွဲကိုပြဆိုခြင်းကားပြီး၏။

---

အရှေ့မျက်နှာတာချ ၉-လုံးတို့၏မြို့ရွာ
တိတ်စွဲကိုပြဆိုဦးအံ့။

(၂) အရှေ့မျက်နှာတာချ ၉-လုံးတို့တွင်။

(၁) ဇာဒုက တာချကား။ ကသည်း လူမျိုးတို့နေသော မြေထဲပြည်။
(၂) ပဋ္ဋကတာချကား။ရှမ်းရိုင်းပြည်။
ရှမ်းရိုင်းပြည် ဟူသည်ကား။ ရှမ်းပြည် အစွန် အနားဌါ တည်သောရှမ်းပြည်ငယ်ကိုဆိုသတည်း။
(၃) နိရမ္မတာချကား။ ချင်းတို့နေရာဖြစ်သောတောတောင် အစွန်အနားအရပ်တည်း။
(၄) ပါသာဒတာချကား။ကျေးကုလားပြည်။
(၅) သျှုနတာချကား။ညောဝတီပြည်။
ညောဝတီဆိုသည်ကား။ ရခိုင်ပြည်မှတပါးသောအရပ် တို့ကိုဆိုသတည်း။

(၆) ပကပ်တာရာကား။ သက်ပြည်။

အရှေ့မျက်နှာတာရာ ၆-လုံးတို့၏မြို့ရွာ
တိတ်စွဲကို ပြဆိုခြင်းကားပြီး၏။

---

မြောက်မျက်နှာတာရာ ၆-လုံးတို့၏မြို့ရွာ
တိတ်စွဲကိုပြဆိုဦးအံ့။

(၃) မြောက်မျက်နှာတာရာ ၆-လုံးတို့တွင်။

(၁) ဝါရုတာရာ ဟူသည်ကား။ ရူပံကြွယ်ကိုပင် ဆိုသောကြောင့်။ မြို့ရွာတိတ်စွဲကိုအထူးမပြဆိုသတည်း။

(၂) တာလိကာရ။ } မြို့ရွာတိတ်စွဲကိုမပြချေ။
(၃) ဗုဿတာရ။ }

(၄) ဧကတိဿတာရာကား။ ကလေးပြည်။

(၅) တရိဂုဏ်တာရာကား။ ဒွါရာဝတီပြည်။ ယိုးဒယားပြည်ကိုဆိုသတည်း။

(၆) ရူပတာရာကား။ သူလည်လူမျိုးတို့တိတ်စွဲဟုပြဆို၏။

မြောက်မျက်နှာတာရာ ၆-လုံးတို့၏မြို့ရွာ
တိတ်စွဲကိုပြဆိုခြင်းကားပြီး၏။

---

အနောက်မျက်နှာတာရာ ၇-လုံးတို့၏မြို့ရွာ
တိတ်စွဲကိုပြလိုက်ဦးအံ့။

(၄) အနောက်မျက်နှာတာရာ ၇-လုံးတို့တွင်။

(၁) ဗျဉ္ဇကတာရာကား။ ဇဝါရှမ်းလူမျိုးတို့၏။ နေရပ်မြို့ရွာတိတ်စွဲတည်း။

(၂) ဥဿုရတာရာကား။ အုန်းပေါင်ရှမ်းပြည် တိတ်စွဲတည်း။

(၃) ဇရကတာရာကား။ လက်ပြည်တိတ်စွဲတည်း။

(၄) ကောဗျာကာဘီတာရာကား။ မြန်မာပြည်တိတ်စွဲတည်း။

(၅) သရိဒ္ဓကာတာရာကား။ လင်းစင်းကုလားပြည်တိတ်စွဲတည်း။

(၆) အရိန္ဒဇာတာရာကား။ကုလားပြည်တိတ်စွဲတည်း။

(၇) ဝါနရီတာရာကား။တရက်ပြည်တိတ်စွဲတည်းဟုပြ၏။

ပြင်တာရာ ၂၈-လုံးတို့၏အရပ်မြို့ရွာ
တိတ်စွဲကိုပြ ဆိုခြင်းကားပြီး၏။

**အခန်း—၁၀။**

ထိုတာရာတို့၏သွားလာလှည့်လည်ပုံကိုကျမ်းဂန်တို့၌
အနည်းငယ်တော်ပြသည်ကိုမှတ်သားရန်။
ထည့်သွင်းလိုက်ဦးအံ့။

တောင်မျက်နှာ တာရာငယ် ၆-လုံး၏ အစဖြစ်သော။ အာဂဏိတာရာသည်။ပုဗ္ဗဖလ္ဂုနက္ခတ်၏တောင်ဘက်ပြင်ပ၌သွား၏။ ။ဖလ္ဂုတာရာသည်။ ဘရဏီနက္ခတ်၏ အထက်၌ရင်း။ဖလ္ဂုနက္ခတ်၊ အဿလိဿနက္ခတ်တို့၏ပြင်ပ၌ရင်းသွား၏။ တနည်းဖလ္ဂုတာရာသည်။မာဃနက္ခတ်၏အတွင်း၌လည်းသွား၏ဟုပြဆို၏။ သင်တာရာသည်။ ဟဿတနက္ခတ်၏ ပြင်ပ၌သွား၏။ ။ယောဂ္ဂတာရာသည်။ဟဿတနက္ခတ်၏တောင်ဘက်အနီး၌သွား၏။ ။တရုဂ္ဂတာရာသည်။ ပုဗ္ဗဖလ္ဂုနက္ခတ်၏ပြင်ပ၌သွား၏။ ။ဝါရုတာရာသည်။ဖလ္ဂုနက္ခတ်။အဿလိဿနက္ခတ်တို့၏အတွင်းဘက်၌သွား၏။ ။ရူပတာရာသည်။ပုဗ္ဗဖလ္ဂုနက္ခတ်၏အတွင်း၌ပပ်သွား၏။ အနည်းငယ်အားဖြင့်။ဤမျှသာပြ၏။ ၂၈-လုံးကုန်အောင်မပြ။

ဤသို့သော တာရာ ငယ်တို့ကိုရင်း။ တာရာ ကြီး တို့ကိုရင်း။ နက္ခတ်တို့ကိုရင်း။ကောင်းကင်အမြင်အားဖြင့်။အဆင့်ဆင့်ကြည့်ရှုမှတ်သား။တတ်သိသောသူ၏အထံ၌။သင်ကြားခြင်းကို။လုံ့လပြုကြကုန်ရာသတည်း။

တာရာငယ်တို့၏လှည့်လည်ခြင်းကိုကျမ်းဂန်တို့၌အနည်း
ငယ်မျှပြဆိုခြင်းကားပြီး၏။

## အခန်း—၁၁။

အတွင်းတာရာ ၉-လုံး။အပြင်တာရာ ၂၈-လုံး။ ပေါင်း ၃၇ လုံးသောတာရာတို့ကိုပြဆိုပြီး၍။ အလွတ်တာရာ ၉၄-လုံးတို့ကို ပြဆိုလိုက်ဦးအံ့။ ။ပြဆိုလတ္တံ့သော အလွတ်တာရာ တို့သည်လည်း။တကောသ။တကောသခွဲအတိုင်းအရှည်ရှိကြကုန်၏။

(၁) ပဒုမတာရာကား ၅-လုံး။
(၂) ပဥ္စာယုတာရာကား ၂-လုံး။
(၃) ပဥ္စလိတာရာကား ၅-လုံး။
(၄) ကဏ္ဍတာရာကား ၈-လုံး။
(၅) ဝတိတာရာကား ၆-လုံး။
(၆) ယတုကတာရာကား ၉-လုံး။
(၇) ဓုတိတာရာကား ၆-လုံး။
(၈) ကုက္ကုဋတာရာလည်း ၆-လုံးပင်။
(၉) ဓဏ္ဍတာရာကား ၇-လုံး။
(၁၀) ယဏ္ဍတာရာကား ၉-လုံး။
(၁၁) သရူပတာရာကား ၈-လုံး။
(၁၂) အာဏိကာတာရာကား ၁-လုံး။
(၁၃) သူရတာရာလည်း ၁-လုံးပင်။
(၁၄) မာနတာရာကား ၄-လုံး။တင်းကိုဆိုသည်။
(၁၅) မာနိတာရာကား ၄-လုံး။တင်းနီကိုဆိုသည်။
(၁၆) အာနီတာရာကား ၆လုံး။
(၁၇) ရောဟဏီတာရာကား ၁-လုံး။ ဝိုင်ခေါ်သောကြယ်ကို ဆိုသည်။ ၁-လုံး။
(၁၈) လဘန္တတာရာကား ၃-လုံး။
(၁၉) သံယုတာရာကား ၅-လုံး။
(၂၀) မဏိကတာရာကား ၁၂-လုံး။ရွဲကိုဆိုသည်။
(၂၁) ဝိဍ္ဍတာရာကား ၃-လုံး။

(၂၂) တူလကတာရာကား ၂-လုံး။တံကျင်ကိုဆိုသည်။
(၂၃) သောတတာရာကား ၄-လုံး။
(၂၄) ကောဝန္တ တာရာလည်း ၄-လုံးပင်။ တံငါ ကွန်တိုင်ကို ဆိုသည်။
(၂၅) တေရိတာရာကား ၆-လုံး။ငြည်ကြီးကိုဆိုသည်။
(၂၆) ပါတိတာရာကား ၁၈-လုံး။ဖလားကိုဆိုသည်။
(၂၇) အန္တတာရာကားလုံးရေ ၃၀။
(၂၈) အဒ္ဒနိတာရာကား ၆-လုံး။တက်စည်ကိုဆိုသည်။
(၂၉) မိဂသိသိဉ်တာရာကား ၄-လုံး။သမင်ချိုကိုဆိုသည်။
(၃၀) သုဘတာရာကား ၅-လုံး။
(၃၁) ကုက္ကုဋတာရာကား ၄-လုံး။ကြက်ဆူးကိုဆိုသည်။
(၃၂) ကဏ္ဏတာရာကား ၅-လုံး။
(၃၃) သံဝသိတာရာကား ၁-လုံး။
(၃၄) အာရပိတာရာလည်း ၁-လုံးပင်။
(၃၅) သံကိရတာရာကား ၁၂-လုံး။
(၃၆) အလုဏ္ဍတာရာကား ၄-လုံး။
(၃၇) မာသုတာရာကား ၁-လုံး။
(၃၈) လောကတာရာကား ၄-လုံး။
(၃၉) ဗျာယုတာရာကား ၂၀။
(၄၀) သံကာဒတာရာကား ၁-လုံး။
(၄၁) အဘာန္တကတာရာကား ၂-လုံး။
(၄၂) စိတြကူတာရာကား ၃-လုံး။
(၄၃) ကောလိတာရာကား ၁-လုံး။
(၄၄) စရီတာရာကား ၄-လုံး။
(၄၅) ပါသရိတာရာကား ၁-လုံး။
(၄၆) အဌမိတာရာကား ၁၂-လုံး။
(၄၇) နိမ္မာနတာရာကား ၁၁-လုံး။
(၄၈) အစောတတာရာကား ၂-လုံး။

(၄၉) သုဋ္ဌကတာရာလည်း ၂-လုံးပင်။
(၅၀) ဖုသန္တတာရာကား ၁-လုံး။
(၅၁) ရေဝတကလတာရာလည်း ၁-လုံးပင်။
(၅၂) အာယုတလိနတာရာကား ၄-လုံး။
(၅၃) ပါသလိတာရာကား ၁-လုံး။
(၅၄) ဒုမတာရာလည်း ၁-လုံးပင်။
(၅၅) သာတုလိ တာရာလည်း ၁-လုံးတည်းပင်။ ။စနေဂြိုဟ်ကိုဆိုသည်ဟုဖြစ်၏။
(၅၆) ဘဝတုသံတာရာကား ၁-လုံး။
(၅၇) ရာဟုလိနတာရာလည်း ၁-လုံးပင်။ ။ရာဟုဂြိုဟ်ကိုဆိုသည်ဟုဖြစ်၏။ ။ဤရာဟု ဂြိုဟ် ကား နံဂြိုဟ်မှလွတ်သောတာရာတည်း။ ။ထိုတာရာကြယ်တို့သည်ကား။ ဝိသာခါနက္ခတ်၏ပြင်ပသွားကုန်၏ဟုဖြစ်ဆို၏။
(၅၈) ပုဏ္ဍိကတာရာကား ၁-လုံး။
(၅၉) ကလိတာရာလည်း ၁-လုံးပင်။
(၆၀) မယုလတာရာလည်း ၁-လုံးပင်။
(၆၁) မာနိတတာရာကား ၄-လုံး။
(၆၂) မလ္လိကတာရာကား ၁-လုံး။
(၆၃) ပုပ္ဖဇလတာရာကား ၆-လုံး။
(၆၄) ဗလ္လိတာရာကား ၁-လုံး။
(၆၅) သမ္ပတ္တိတာရာကား ၂၂-လုံး။
(၆၆) ထမ္ဘတာရာကား ၁၂-လုံး။
(၆၇) ဝိရိစ္စတာရာကား ၁-လုံး။
(၆၈) မူလတာရာလည်း ၁-လုံးပင်။
(၆၉) အာယတာရာကား ၅-လုံး။
(၇၀) သံလိန္တတာရာလည်း ၅-လုံးပင်။
(၇၁) ဂဏ္ဍုပ္ပါဒတာရာကား ၂-လုံး။
(၇၂) သံချုတာရာကား ၁-လံုး။

R. No. 171–5.

(၇၃) ပဘိပါဂဏ္ဍုတာရာကား၃-လုံး။နဂါးခေါင်းကိုဆိုသည်။
(၇၄) သုကရတာရာလည်း ၃-လုံးပင်။
(၇၅) အာဒိစ္စတာရာကား ၄-လုံး။
(၇၆) သရတာရာကား ၃-လုံး။မြွားကိုဆိုသတည်း။
(၇၇) ဥဒ္ဓိဂ်တာရာကား ၁-လုံး။
(၇၈) ကာကတာရာလည်း ၁-လုံးပင်။ ။တနင်္ဂနွေကြို့ပတ်ကို ဆိုသတည်း။

(၇၉) အာယုတာရာကား ၂၅-လုံး။
(၈၀) ဃရတာရာကား ၃-လုံး။
(၈၁) သာလပိဏ္ဍိတာရာကား ၄-လုံး။
(၈၂) ဓုဝဏ္ဍိတာရာကား ၁-လုံး။
(၈၃) မူလတာရာကား ၉-လုံး။
(၈၄) ပါရိတာရာကား ၅-လုံး။
(၈၅) ဂဝိသတာရာကား ၄-လုံး။ချွန်းတောင်းကိုဆိုသည်။
(၈၆) သာလမ္ဗတာရာကား ၅-လုံး။
(၈၇) မာလိကာတာရာကား ၁၀-လုံး။
(၈၈) သာလိန္ဒတာရာကား ၂-လုံး။
(၈၉) ဖလတာရာကား ၁-လုံး။
(၉၀) သာခါဝိတာရာကား ၃၀။
(၉၁) ဖါလိကတာရာကား ၃-လုံး။ ။ငါးမြွား ချိတ်ကိုဆို သတည်း။

(၉၂) ပါလိန်တာရာကား ၂-လုံး။
(၉၃) သုကိတာရာကား ၂-လုံး။
(၉၄) သုဝတာရာကား ၁-လုံး။ကျေးသားကိုဆိုသည်။

ယင်းသို့ပြဆိုအပ်ပြီးသော။အလွတ်တာရာတို့ကိုလောကပညတ္တိ ကျမ်း သျှုတ္တရ ကျမ်းတို့၌ အသေအချာ မပြ သောကြောင့်ရင်း။

အဆိုညီညွတ်ခြင်းမရှိသောကြောင့်ဝင်း။ သာမညမှတ်သားရုံကို။ ပြမိမ့်သော၄ါ။စိစဥ်၍ပြဆိုလိုက်ရပေသတည်း။ ။အလိုရှိသော သူတို့သည်ခိုင်မာသောကျမ်းတို့၌ရှာဖွေစိစစ်၍ယူကြပါကုန်။

အလွတ်တာရာ ၉၄ လုံးတို့ကိုထုတ်ဘော်ပြဆို ခြင်းကားပြီး၏။

---

အခန်း—၁၂။

အလွတ် တာရာတို့၏ နက္ခတ်တို့ အနီးအပါး၌ သွားသည်ကို။ ကျမ်းဂန်တို့၌ပြသည်ကား။ ။ထိုအလွတ် တာရာ တို့သည်၊ နက္ခတ်ဂြိုဟ်တို့ကဲ့သို့။ရာသီ—နေရာသီသွားမရှိ၊ နက္ခတ်တို့၏အနီး အပါး၌သွားခြင်းသည်ကား။

ပဒုမတာရာသည်အဿဝဏီနက္ခတ်၏ပြင်ပ၌သွား၏။

ပဥ္စာယုကတာရာသည်ဘရဏီနက္ခတ်၏ပြင်ပ၌သွား၏။

တနည်း။ပဥ္စာယုကတာရာ။ပဥ္စလိတာရာ။ကဏ္ဍတာရာ။၃-လုံး တို့သည်ကျတ္တိကာနက္ခတ်၏ပြင်ပ၌သွားသည်ဟုပြဆို၏။

ဝတိတာရာ။ယတုကတာရာ ၂—လုံးတို့သည်၊ကျီးတာရာ၏ ရှေ့၌သွား၏။

ဝတိတာရာသည်။ကျီးတာရာ၏အမြီးဖျား၌သွား၏။

ကုဏ္ဍုဍ္ဍုတာရာသည်။ဘရဏီနက္ခတ်နှင့်အတူသွား၏။

ဝဏ္ဏတာရာသည်။ဘရဏီနက္ခတ်၏ပြင်ပ၌သွား၏။

သိဏ္ဍတာရာသည်ဝင်း။ ယဏ္ဍတာရာသည်ဝင်း။ ဖုဏ္ဏဖုဿ နက္ခတ်အောက်၌သွား၏။

သူရတာရာသည်ဝင်း။အာဏီတာရာသည်ဝင်း။ မိဂသီ။အဒြ နက္ခတ်တို့၏ပြင်ပဖြစ်သော ဟဿာတာရာနှင့်အတူသွား၏။

သူရတာရာ သည်ဝင်း။ မာနတာရာ သည်ဝင်း။ ဖုဏ္ဏ ဖုဿ နက္ခတ်၏အတွင်း၌သွား၏။

မာနိတာရာသည်။ပုဗ္ဗဖဂ္ဂုနက္ခတ်၏ပြင်ပ၌သွား၏။

အာဏိကတာရာသည်။ပုဗ္ဗဖဂ္ဂုနက္ခတ်,အဿလိဿနက္ခတ် တို့၏ပြင်ပ၌သွား၏။

ရောဟဏိတာရာသည်၊ပုဗ္ဗနိတာရာ၏ပြင်ပ၌သွား၏။

လာဘန္တတာရာသည်ဖဂ္ဂုနက္ခတ်။အဿလိဿနက္ခတ်တို့၏ အတွင်း၌သွား၏။

ဘံယုတာရာ၊ မဏိကတာရာ၊စိတ္တတာရာတို့သည်။မာဃနက္ခတ် ၏အတွင်း၌သွား၏။

တူလတာရာ၊သောတတာရာ၊ ကေဝဋ္ဋတာရာ၊ တေရိတာရာ၊ ပါတိတာရာတို့သည်။မာဃနက္ခတ်၏ပြင်ပ၌သွား၏။

အန္တကတာရာ၊အာနိန်တာရာ၊မိဂသိသိဂ်ီတာရာ၊သုဘ တာ ရာ၊ ကဏ္ဍတာရာတို့သည်။ ပြပ္ပါ ဘရဂုဏ္ဏီ၊ ဥတ္တရာ ဘရ ဂုဏ္ဏီ နက္ခတ်တို့၏အနီးအပါး၌သွား၏။

သံဝသိတာရာ၊ အာရပိ တာရာ၊ သံကိရ တာရာ တို့သည်၊ ဟာဿတနက္ခတ်၏အတွင်း၌သွား၏။

အလုတ္တတာရာ၊ မာသုတာရာ၊ လောက တာ ရာ တို့ သည်။ ဟာဿတနက္ခတ်၏ပြင်ပ၌သွား၏။

ဗျာယုတာရာ၊ သံကာတာရာ၊ အာဘန္တကတာရာ တို့သည်။ စိတြာနက္ခတ်၊သွာတိနက္ခတ်တို့၏အတွင်း၌သွား၏။

စိတြာဂုတာရာ၊ကောလိတာရာ၊ခရီတာရာ၊ပါသရိတာရာ၊အဋ္ဌမိတာရာတို့သည်။စိတြာနက္ခတ်၊သွာတိနက္ခတ်တို့၏ပြင်ပ၌သွား၏။

နိဗ္ဗာနတာရာ၊ အစောတာရာ၊ သုဋ္ဌကတာရာ၊ ဖုသန္တတာရာ၊ ရေစောကလတာရာ၊ အႏွယုတလိနတာရာ၊ ပါသလိတာရာ တို့ သည်၊ဝိသာခါနက္ခတ်၏အတွင်း၌သွား၏။

ဒုမတာရာ၊ သာတုလိတာရာ၊ဘဝတုတာရာ၊ ဘာတုလိတာ ရာ၊ ပုဏ္ဏိကတာရာတို့သည်၊ ဝိသာခါနက္ခတ်၏ ပြင်ပ၌သွား၏။ တနည်း–ပုဏ္ဏိကတာရာသည်၊ ကျီးတာရာ၏ပြင်ပ၌ တည်သည် ဟူ၍ပြ၏။

ကလိတာရာ။ မယုတာရာ။ မာနိကတာရာ။ မလ္လိကတာရာတို့သည်။ တံငါတာရာနှင့်အတူသွား၏။

ပုပ္ဖဇလတာရာ။ဖလ္လိကတာရာ။ သမ္ဗတ္တိတာရာတို့သည် မူလနက္ခတ်၏အတွင်း၌သွား၏။

ထမ္ဘတာရာ။ ဝိရိစ္ဆတာရာ။ မူလတာရာ။ အာယတာရာ။ သံလိန္တတာရာတို့သည်။မူလနက္ခတ်၏ပြင်ပ၌သွား၏။

ဂဏ္ဍုပ္ပါဒတာရာ။ သံချုတာရာတို့သည်ပုဗ္ဗါသဠ်။ ဥတ္တရာသဠ်နက္ခတ်တို့၏အတွင်း၌သွားသတည်း။

ပတိပါဂန္ထုတာရာ။ သုကရတာရာ။ အာဒိစ္စ တာရာတို့သည် ပုဗ္ဗါသဠ်။ဥတ္တရာသဠ်နက္ခတ်တို့၏ပြင်ပ၌သွား၏။

သရတာရာ။ဥဒ္ဒိဂ်တာရာ။ ကာကတာရာတို့သည် သရဝဏ်နက္ခတ်၏ အတွင်း၌ သွား၏။ ။သရတာရာဟူသည်ကား။ ရူဝံကြယ်၏အနီး၌ရှိသည်ဟူ၍လည်းပြဆို၏။

အာယုတတာရာ။ ဃရတာရာ။ သလပိန္တိ တာရာတို့သည်။ သရဝဏ်နက္ခတ်၏ပြင်ပ၌သွား၏။

ပုပ္ဖတ္တိတာရာသည်။ ဓနသိဋ္ဌနက္ခတ်။ သတ္တဘိသျှနက္ခတ်တို့၏အတွင်း၌သွား၏။

မူလတာရာ။ပါရိတာရာတို့သည်။ဓနသိဋ္ဌနက္ခတ်။ သတ္တဘိသျှနက္ခတ်တို့၏ပြင်ပ၌သွား၏ဟုပြ၏။

ဆိုခဲ့ပြီးသောပုပ္ဖတ္တိတာရာသည်။မောင်ရင်ဆိုင်းထမ်းနှင့်။ အတူတည်သည်ဟူ၍လည်းပြ၏။

ဂဝိသတာရာ။သာလမ္ဗတာရာ။မာလိကတာရာတို့သည်။ပုဗ္ဗါပရပိုက်။ဥတ္တရာပရပိုက်နက္ခတ်တို့၏အတွင်း၌သွား၏။

သာလိန္ဒတာရာ။ဖလတာရာ။ သာခါဝိတာရာ။ ပါလိတာရာ။ ပါလိန်တာရာ။တို့သည်။ပုဗ္ဗါပရပိုက်။ဥတ္တရာပရပိုက် နက္ခတ်တို့၏ပြင်ပ၌သွား၏။

သုဘိရတာရာ။သုဝတာရာတို့သည်။ရေဝတီနက္ခတ်၏ပြင်ပ၌ဖြစ်သော။မျိုင်းတာရာနှင့်အတူသွားသည်ဟုပြ၏။

ဤသို့အားဖြင့်၊ နောင်လာ နောက်သားတို့ သာမညမျှ သိစေခြင်းငှါ၊ ကျမ်းဂန်တို့၌အနည်းငယ်ထုတ်ဘော်ပြဆိုသည်ကို၊ စီစဉ်၍ပြဆိုလိုက်သတည်း။

အလွတ်တာရာနက္ခတ်တို့၏အနိမ့်အပါး၌သွားခြင်း
တို့ကိုပြဆိုခြင်းကားပြီး၏။

ယင်းသို့အားဖြင့်၊အတွင်းတာရာကြီး-၉-လုံး၊ပြင်တာရာငယ် ၂၈-လုံး၊အလွတ်တာရာ-၉၄-လုံးတို့ကို၊ အသီးအသီးပေါင်းက ကောင်းကင်ပြင်၌တာရာပေါင်း-၁၃၁-လုံးရှိကြောင်းကို၊ သိမှတ်ပြောဆိုကြကုန်ရာသတည်း။

၂၇-လုံး၊အဘိဇိပါထည့်၍၊ ၂၈-လုံးသောနက္ခတ်တို့နှင့်
တာရာကြီးတာရာငယ်၊အသွယ်သွယ်တို့ကိုစီစဉ်
ပြဆိုခြင်းကားပြီး၏။

---

အခန်း—၁၃။

ဂြိုဟ်တို့၏အတိုင်းအရှည်ပမာဏကိုပြဆိုလိုက်ဦးအံ့။

(၁) တနင်္ဂနွေ ဂြိုဟ်သည်။ ။သူရိယော အာယာမပိဏ္ဍာ ရုဗ္ဗေဓတော ပဉ္စာသယောဇနံ၊ ပရိက္ခေ ပတောပနဒိယဍ္ဎ သတယောဇနော။ဟူ၍ရင်း။ ။သူရိယသသ ဥဇုကံပဉ္စာသယောဇနံ၊ ပရိမဏ္ဍလတော ဒိယဍ္ဎယောဇနသတာနိ။ ။ဟူ၍ရင်း၊ ကျမ်းဆရာတို့ပြဆိုသောကြောင့်၊အလျားအနံ့အဖြောင့်အားဖြင့်၊ ယူဇနာ ၅၀၊ အဝန်းအားဖြင့်၊ယူဇနာ-၁၅၀-ရှိသတည်း။

(၂) တနင်္လာဂြိုဟ်ကိုလည်း။ ။ပမာဏတော စန္ဒော အာယာမပိဏ္ဍာရုဗ္ဗေဓတော ဧကူနပဉ္စာသယောဇနော၊ ပရိက္ခေပေန တီဟိယောဇနေဟိ ဦနဒိယဍ္ဎသတယောဇနော၊ ။ဟူ၍ရင်း၊ ပမာဏတောစန္ဒသသ ဥဇုကံဧကူန ပဉ္စာသယောဇနံ၊ ပရိမဏ္ဍ

လောပနတိပတိယောဇနေပတိ ဦနာနိဒိယာဆုယောဇနာသတာနိ။ဟူ၍ ၄င်း။ ။လောကီ လောကုတ္တရာကျမ်းတို့၌ ပြဆိုသောကြောင့်။ အလျားအနံ့အစောက်ဖြောင့်ဖြောင့်အားဖြင့်။ ၄၉-ယူဇနာ။အဝန်း အားဖြင့်။ ၁၄၇ ယူဇနာရှိ၏ဟုသိမှတ်ရာ၏။

(၃) အင်္ဂါဂြိုဟ်ကိုလည်း။ ။ပန္နရသ။ ကြယ်စသဉ်္ျာ။ဘုံ သာရိပ်လယ်။ မြူးစံပယ်သား။ တင့်တယ်ရောင်ဝါ။ ဂြိုဟ်အင်္ဂါ ကား။ ။ဟုစသည်ဖြင့်စပ်ဆိုသည်ကိုအမှတ်ပြု၍။၁၅-ယူဇနာ ရှိ၏ဟုသိမှတ်ရာ၏။

(၄) ဗုဒ္ဓဟူးဂြိုဟ်ကိုလည်း။ ။တဆဲ့ငါးယူဇနာ။ မှန်စွာ ကျစ်သစ်။ ဘုန်းကြောင့်ဖြစ်သား။ ရလစ်သွယ်သွယ်။ ဗိတာန် လယ်၌။စမ့်ယ်ပသ။ဂြိုဟ်ဗုဒ္ဓဟူ။ စပ်ဆိုစီကုံးသည်ကိုမှတ်သား၍။ ၁၅ ယူဇနာပင်ရှိ၏ဟုသိရာ၏။

(၅) စနေဂြိုဟ်ကိုလည်း။ ။တဆဲ့သုံးယူဇနာ။ချင်းသင်္ချာ လည်း။ မှန်စွာမယွင်း။ ဗိမာန်တွင်း၌။ စက်ဝင်းယာဉ်သာ။စီး၍ ပါသာ။သောရာဂြိုဟ်မင်း။ စသည်ဖြင့်စပ်ဆိုသောကြောင့်။ ၁၃ ယူဇနာရှိ၏ဟုသိရာ၏။

(၆) ကြာသပတေးဂြိုဟ်ကိုလည်း။ ။သတ္တရသ။ ယော ဇနဖြင့်။ရိုးဝတိမ်ယှံ။ဗိမာန်ပျံ့နှင့်။သာစံကွန့်ထ။ဂြိုဟ်ဇီဝကား။ ။ ဟုစသည်ဖြင့်။ စပ်ဆိုသည်ကိုထောက်၍။၁၇ ယူဇနာရှိ၏ဟုသိ ပေရာ၏။

(၇) ရာဟုနှင့် ကိတ်ဂြိုဟ်သည်။ ကောင်းကင်၌ အမြဲ မ တည်။မြေ၌သာတည်သည်။ ကောင်းကင်၌ ရာသီအသ်ာ-လိတ္တာ အစုမျှသာဖြစ်၍။ဗိမာန်၏အတိုင်းအရှည်ပမာဏမရှိ။ ။အသူရာ ပြည်ကလာ၍နေလတို့ကိုဘမ်းယူသည်ဟု။ လောကဒီပက-သရ ခွေးစသောဗေဒင်ကျမ်းတို့၌ပြဆိုသတည်း။

(၈) သောကြာဂြိုဟ်ကိုလည်း။ ။ဘရဂုဗိမာနံ ဧကူနဝီသ တိယောဇနံ။ ။ဟုအာကာသသုတ္တရ၌ပြဆိုသောကြောင့်။ ။ တဆဲ့ကိုးယူဇနာ။ ရောင်ခြည်ဖြာသား။ ထွန်းဝါရောင်ဖြူ။ မတူ

ကြွယ်ချမ်း၊ပရောင်လင်းသည်။ ဂြိုဟ်မင်းသောကြာ။ ။စသည်ဖြင့်စပ်ဆိုင်သောကြောင့်ရင်း၊ ၁၉ ယူဇနာရှိကြောင်းကို သိမှတ်ရာ၏။

ဂြိုဟ်တို့၏အတိုင်းအရှည်ပမာဏယူဇနာသင်္ချာကို
ပြဆိုခြင်းကားပြီး၏။

---

အခဏ်း—၁၄။

ဂြိုဟ်တို့၏အသင်းအရောင်ကိုအနည်းငယ်ပြဆိုလိုက်ဦးအံ့။
ဂြိုဟ်တို့၏အသင်းအရောင်ကား။

(၁) တနင်္ဂနွေဂြိုဟ်သည်၊နီရောင်နှင့်ရွှေသောအသင်းရှိ၏။
(၂) တနင်းလာဂြိုဟ်သည်။ဝါရောင်နှင့်ဖြူသောအသင်းရှိ၏။
(၃) အင်္ဂါဂြိုဟ်သည်။ဖြူရောင်နှင့်နီသောအသင်းရှိ၏။
(၄) ဗုဒ္ဓဟူးဂြိုဟ်သည်၊စိမ်းရောင်နှင့်ရွှေသောအသင်းရှိ၏၊
(၅) စနေဂြိုဟ်သည်။မည်းရောင်နှင့်ရွှေသောအသင်းရှိ၏။
(၆) ကြာသပတေးဂြိုဟ်သည်။ ဖြူရောင်နှင့်ဝါသောအသင်းရှိ၏။

(၇) ရာဟုဂြိုဟ်-ကိတ်ဂြိုဟ်တို့ကို။ ကောင်းကင်၌ မထင်သောကြောင့်။ ဗြိုဟ်ဇာတ်၊ရာဇမတ္တဏ်၊ဇောတိတတ္တစသောဗေဒင်ကျမ်းတို့၌။အသင်းအရောင်ကိုမပြမဆိုပေ၊သရဒွေးကျမ်း၌ကား၊ ကောင်းကင်၌မထင်သောရာဟုဂြိုဟ်သည်၊မည်းသောအသင်းရှိသည်၊လ-နေကိုဘမ်းရာ၌၊ မည်းသောအသင်းကိုမှတ်ထင်ရလေသတည်း၊ ။ကိတ်ဂြိုဟ်သည် အခိုးအလျှံကို ခွဲပြတတ်သောကြောင့်။ မီးတောက်မီးလျှံကဲ့သို့။ အသင်းအရောင် ရှိသည်ဟုပြဆို၏။

(၈) သောကြာဂြိုဟ်သည်။ သက်သက်ရွှေသော အသင်းရှိသည်ဟုပြဆို၏။

ဂြိုဟ်တို့၏အသင်းအရောင်ကိုအနည်းငယ်မျှပြဆိုခြင်းပြီး၏။

---

## အခန်း–၁၅။

## ရာသီသွားခြင်းကိုပြဆိုဦးအံ့၊

တနင်္ဂနွေ။ တနင်္လာ။ အင်္ဂါ။ ဗုဒ္ဓဟူး။ စနေ။ ကြာသပတေး။ သောကြာဂြိုဟ်တို့သည်၊ ၁၂-ရာသီစက်ကိုမမှီနိုင်ခြင်းကြောင့်၊ မိဿမှကျန်ရစ်လျှင်၊ပြိဿနှင့်၊ ပြိဿမှကျန်ရစ်လျှင်၊မေရန်နှင့်၊ ဤနည်းဖြင့် ၁၂-ရာသီသွားသည်ဟုပြ၏။ ရာဟုဂြိုဟ်နှင့်ကိတ်ဂြိုဟ်မူကား၊ မိမိရာသီ-အသ်ာ-လိတ္တာအတိုင်း အသွားလျှင်မြန်သောကြောင့်၊ မိဿကိုလွန်လျှင်မိန်နှင့်၊ မိန်ကိုလွန်လျှင်ကုမ်နှင့်၊ ဤနည်းဖြင့်၊မိဿ–မိန်–ကုမ်ဖြင့် သွားသည်ဟုပြ၏။ ။ယင်းသို့အားဖြင့်၊မြင်းမိုရ်တောင်ကိုလက်ျာရစ်လည်ကြသည်တွင်၊ရာဟုနှင့်ကိတ်သည်။ ရာသီကိုလွန်၍သွား၏။ ကြွင်းသောဂြိုဟ် ၇-လုံးတို့ကား။ ရာသီမှလျော့၍လျော့၍သွားသည်ဟု၊စန္ဒိမသူရိယဂတိဒီပနီ၊လောကဒီပနီစသည်တို့၌ပြဆို၏။

ရာဟု အ သွား လျှင် မြန် ကြောင်းကို၊ ကောင်းကင်၌ ရာသီ–အသ်ာ–လိတ္တာအဘို့အစုလျှင်မြန်သည်ကိုယူရမည်ဟု ကျမ်းဂန်တို့၌ပြ၏။ ။ရာဟုနှင့်ကိတ်ကား ကောင်းကင်၌ အမြဲမတည်၊ အသူရာပြည် မြေ ၌ သာ တည် သည်၊ ကောင်းကင်၌ကားရာသီ-အသ်ာ-လိတ္တာတွက်ကိန်းဟူသောအဘို့အစုကိုသာတွက်ယူစေခြင်း၄ါ၊သူရိယသိဒ္ဓန္တ၊အာသုတိ-မကာရန္တ စသည်တို့၌၊ထေရပါရဂူဖြစ်သောဆရာတို့ပြဆိုကြကုန်သတည်း။ အချို့သောဆရာတို့သည်၊တနင်္လာကိုထက်ဝက်စိထား၍၊ နံနက်ကိုတနင်္လာ၊မွန်းလွဲသည်မှနောက်၌ ကိတ်ဟုယူကြကုန်၏၊ ။ဓောတိတဗ္ဗစသောကျမ်းတို့၌ကား၊ ရာဟုကားရှေးအဘို့၊ ကိတ်ကားနောက်အဘို့ဟုပြဆိုသောကြောင့်၊ဗုဒ္ဓဟူးကိုထက်ဝက်က၊ နံနက်အဘို့သည်ဗုဒ္ဓဟူး၊ မွန်းလွဲသည်မှ နောက်အဘို့သည် ရာဟုယူ၍၊ ထို

ရာဟုကိုပင် ထက်ဝက်ပြု၍ရှေ့အဘို့။နောက်အဘို့အားဖြင့်ရာဟု နှင့်ကိတ်ရှေ့နောက်ယူခြင်းကိုသာသင့်သည်ဟုထင်၏။

ရာသီသွားခြင်းကိုပြဆိုခြင်းကားပြီး၏။

---

အခန်း—၁၆။

(၁) ဂြိုဟ်တို့၏ရာသီသွားခြင်းကို။လောကဒီပက
စသောကျမ်းတို့၏အဆိုကို
တိုက်ဆိုင်ညှိနှိုင်း၍ ပြဆိုလိုက်ဦးအံ့။

အတိတျာ ဧကမာသာဗုဒ္ဓသောကြာတထေဝစ။
ဒွိမာသာကုဇ္ဇံဥဒယျာစ၊စန္ဒေါဒိယဍ္ဍဒိဝသာ။
ဂုရုစဒွါဒသမာသာ။ရာဟုမာသာအဋ္ဌာရသ။
သောရိတိံသမာသာမတာ။ဂြဟာဋ္ဌာနံဝိဇာနိယာ။

အတိတျာ။တနင်္ဂနွေဂြိုဟ်ကို၊ ဧကေကရာသိမှိ။တရာသီတရာ သီ၌၊ဧကမာသာ။တလနေ၏ဟူ၍။ဥဒယျ။သိအပ်၏။ဗုဒ္ဓသောကြာ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်တို့ကို၊ တထေဝ ၊ထိုတနင်္ဂနွေဂြိုဟ် အတူသာလျှင်။ ဥဒယျာ၊ သိအပ်၏၊ ကုဇ္ဇံ၊ အင်္ဂါဂြိုဟ်ကို၊ ဒွိမာ သာ၊ တရာသီ၌၊ နှစ်လနေ၏ဟူ၍၊ ဥဒယျာ၊ သိအပ်၏၊ စန္ဒော၊ တနင်္လာဟူသောစန်းဂြိုဟ်ကို၊ဒိယဍ္ဍဒိဝသာ၊တရာသီ တရာသီ ၌အခွဲနှင့်တကွ၊၃—ရက်နေ၏ဟူ၍၊ဥဒယျာ၊သိအပ်၏၊ဂုရုစ၊ကြာ သပတေးဂြိုဟ်ကိုလည်း၊ ဒွါဒသမာသာ၊တရာသီ၌၊၁၂—လနေ၏ ဟူ၍၊ဥဒယျာ၊သိအပ်၏၊ ရာဟု၊ရာဟုဂြိုဟ်ကို၊အဋ္ဌာရသမာသာ၊ တရာသီ၌၊ ၁၈—လနေ၏ဟူ၍၊ဥဒယျာ၊ သိအပ်၏၊ သောရိ၊စနေ ဂြိုဟ်ကို၊တိံသမာသာ၊တရာသီ၌ လ—၃၀—နေ၏ဟူ၍၊မတာ၊သိ အပ်၏၊ ဣတိ၊ဤသို့၊ ဂြဟာဋ္ဌာနံ၊ ၇စ်လုံးသောဂြိုဟ်တို့၏နေရာကို၊ ပဏ္ဍိတော၊ပညာရှိသည်၊ဝိဇာနိယာ၊သိရာ၏၊ ၊ ဤကားလောက ဒီပကစကားတည်း။

အဓိပ္ပါယ်ကား။ ။တနင်္ဂနွေ။ ဗုဒ္ဓဟူး။ သောကြာတို့သည်။ တရောသိ၌တလစီ။အင်္ဂါ ၂–လ။ ။တနင်္လာ ၂–ရက်ခွဲ။ ။ကြာသပတေး ၁၂-လ။ ။ရာဟုကား ၁၈–လ၊စနေကား-သ၃၀ ဟုပြ၏။

လောကဒီပနီ။ ဇောတိတတ္တဘ်ရှိ၌ကား။ ။တနင်္ဂနွေ။ တလ။ တနင်္လာ။ ၂-ရက်ခွဲ။ ဟုပြ၍တူ၏။အင်္ဂါ ၃–ပက္ခ ဟုပြ၍ မတူ။ ဗုဒ္ဓဟူး ၈-ရက်ဟု ပြသဖြင့် မတူ၊ ကြာသပတေး။ တနှစ်ဟုပြ၍ တူ၏။သောကြာ ၂၈ ရက်ဟုပြသဖြင့်မတူ။စနေ ၂ နှစ်ခွဲဟုပြ၍ တူ၏၊ရာဟုကိုတနှစ်ခွဲပြသဖြင့်တူ၏။ ။ကိတ်ဂြိုဟ်ကိုရာဟုနှင့် အသွားတူသောကြောင့် အထူးမပြ။

ဆိုခဲ့ပြီးသောကျမ်းတို့၌။နောက်ကိုပြန်သောဗျူဠစရိယာ။ ။ပြောင်းချိန်မတန်ဘဲ၊ ရှေ့ကိုလွန်သော သိဃာစာ။ ။ပြောင်းချိန်တန်လျက်မပြောင်းရွေ့သော်။ နိယတံဟု အညီအညွတ်ပင်ပြဆိုကြကုန်၏။

အင်္ဂါ။ ဗုဒ္ဓဟူး။ ကြာသပတေး။ သောကြာ။ စနေဟူသော။ ဤဂြိုဟ် ၅-လုံးတို့ကို။ ဤအသွား ၃-ပါးဖြင့်ပြဆို၏။ ။တနင်္ဂနွေ။ တနင်္လာ။ရာဟု။ ကိတ်ဟူသော။ ဤဂြိုဟ် ၄-လုံး၌၊ ဤအသွား ၃-ပါးမရှိဟု ဇောတိဘတ္တ၌ ထင်ရှားစွာပြဆို၏။ ။နေလဟူသော တနင်္ဂနွေ။ တနင်္လာဂြိုဟ်တို့၏။အသွား ၅-ပါးကိုဆိုအပ်ပြီးသောကျမ်းတို့၌ပြဆိုကြပုံကား။

(၁) ဝက်ဂတိ-အကောက်သွားခြင်း။
(၂) အတိဝက်ဂတိ-အလွန်အကောက်သွားခြင်း။
(၃) ကုဋိလဂတိ-အတွန့်သွားခြင်း။
(၄) သိဃ်ဂဝဲ-လျင်သောသွားခြင်း။
(၅) မန္ဒဂတိ-နှေးသောနှံ့သောသွားခြင်း။

ထို-၅ ပါးတို့တွင်။တရောသိတည်း၌ပင်။ အသာအထွန်းအလျှံ ရှန်၍။အသာအတိုးအဆုတ်ရှိ၍။တက်တုံသက်တုံသွားခြင်းကား။ အကောက်သွားသည်မည်၏။ ။အဿဝဏီ။ ဘရဏီ။ ကြတ္တိ

ကာ။ရေဟာဏီ။မာဃ၊ ဥတ္တရာဘာဒြပုဒ်၊ သွာတိ၊ ဥတ္တရာသဠ်၊ သရဝဏ်၊ဓနသိဋ္ဌ၊ သတ္တဘိသျှ၊ ပြုပ္ပါပရပိုက်၊ ဥတ္တရာပရပိုက်၊ ရေဝတီ၊ဤ ၁၄-လုံးသောနက္ခတ်တို့ကိုလက်ဝဲထား၍၊ မိဂသီ၊ အဒြ၊အသလိဿ၊ ပြုပ္ပါဘာဒြပုဒ်၊ ဟဿတ၊ စိတြာ၊ ဝိသာခါ၊ အနုရာဓ၊ဇေဋ္ဌ၊မူလ၊ပြုပ္ပါသဠ်၊ ဤ ၁၁-လုံးသောနက္ခတ်တို့ကို၊ လက်ျာထား၍၊ ပုဏ္ဏဖုသျှ၊ဖုသျှ၊ ဤ ၂-လုံးသောနက္ခတ်တို့ကို၊ ထိုအတူအလယ်ထား၍၊သွားလမ်းမဖြန်၊ လွန်စွာအကောက်သွားခြင်းသည်၊လွန်စွာအကောက်သွားသည်မည်၏။

တရာသီမှတရာသီသို့ လက်ျာရစ်အနုလုံပြန်၍၊ အထက်ကပြဆိုခဲ့သည်အားလျော်စွာ၊ဗျူဠှစရိယာသွားခြင်းသည်၊အတွန့်သွားသည်မည်၏။ ။အထက်ကပြဆိုခဲ့သော ရာသီနေ့ရက်နှစ်လအတိုင်းအရှည်စေ့အောင်မတည်မနေမူ၍၊ လက်ဝဲရစ်ပဋိလုံဖြင့်လွန်၍၊သီဟဇာသွားခြင်းသည်၊လျှင်သောသွားခြင်းမည်၏၊တနည်း၊ သီဟပဋိလုံမည်၏။ ။ဤ၌လက်ျာရစ်အစဉ်လည်ခြင်းကို၊ အနုလုံ၊ လက်ဝဲရစ်လွန်သည်ကို ပဋိလုံဆိုသည်။ ။ယခင်ဆိုခဲ့ပြီးသော၊နေ့ရက်နှစ်လအတိုင်း အရှည်စေ့၍မပြောင်းမရွေ့၊ အလွန်နှေးသောသွားခြင်းသည်၊နိယတုံသွားခြင်းသည်၊ နှေးသောသွားခြင်းမည်၏။

## (၂) လသည်ရန်ဘန်ငယ်၊ရန်ဘန်ကြွယ်၊နေသည် မကြွယ်ဟုပြဆိုလိုက်ဦးအံ့။

လဇိမာန်သည်အောက်၊နေဇိမာန်သည်အထက်၊အကြားတယူဇနာခန့်ခွါလျက်၊ လှည့်လည်သည်၊ ယင်းသို့လှည့်လည်ရာ၌၊နေကား အဖြောင့်သွားလျှင်သည်၊ ဗိလာသွားနှေးသည်၊ လကား၊ အဖြောင့်သွားနှေးသည်၊ ဗိလာသွားလျှင်သည်ဖြစ်သောကြောင့်၊ လကြွယ်နေ့၌ နေနှင့်လထပ်လျက်သွား၍၊ လဆန်းတရက်နေ့တိုင်လျှင်၊ နေမှ-လသည် ယူဇနာတသိန်းကျန်ရစ်သည်၊ လဆန်းနှစ်ရက်လျှင်-နှစ်သိန်း၊သုံးရက်လျှင်-သုံးသိန်းကျန်ရစ်သည်၊ ဆဲ့ငါး


ရက်တိုင်လျှင်။ တသန်းငါးသိန်းကျန်ရစ်သည်ဖြစ်၍။ မြင်းမိုရ်ခြား လျက်ရှိသည်။ ထိုမှတဖန်။ တနေ့တသိန်းစီနီး၍လိုက်ပြန်သဖြင့်။ လကွယ်နေ့သို့ရောက်လျှင်။ နေ နှင့် လ ထပ်မိကြသည်။ ယင်းသို့ သွားရကား။နေနှင့်နီးသောအခါ။လငယ်သည်။ ထပ်မိသောအခါ။ လကွယ်သည်။ ကြယ်မှာမူကား။ အများဖြစ်၍ နေနှင့်နီးသော်။ ကွယ်သော်ရှင်း။ ငယ်သော်ရှင်း။ မထင်ရှားလေ။ ကြယ်လည်း ကွယ်သောအခါကွယ်၏။ငယ်သောအခါငယ်၏ဟူပေ။

ယင်းသို့နေလတို့၏အသွားမညီခြင်းသည်။ ဘယ်ကြောင့်ဖြစ် သနည်းဟုမေးအံ့။ ။လောကစိန္တာ၊ဘိက္ခဝေ။ အစိန္တိယာ၊ နစိန္တေတဗ္ဗာ။ ယံစိန္တေန္တော။ ဥမ္မာဒဿ။ ဝိဃာတဿ။ ဘာဂီ အဿ။ ဟူ၍စတုက္ကနိပါတ်၌၊ဘုရားဟောတော်မူသောကြောင့်။ ရှင်းအတိုင်းပင်ဖြေအပ်၏။

အဓိပ္ပါယ်ကား။ ဘိက္ခဝေ။ချစ်သားတို့။ လောကစိန္တာ။လော ကဓါတ်၏အဆန်းတကြယ်ကြံစည်ဘွယ်ဖြစ်ခြင်းကို။အစိန္တိယာ။ မကြံစည်နိုင်သည်၏အဖြစ်ကြောင့်။နစိန္တေတဗ္ဗာ။မကြံအပ်ကုန်။ ယံ။အကြင်လောက၏ဖြစ်ခြင်းကို။ စိန္တေန္တော။ကြံစည်သောသူ သည်။ ဥမ္မာဒဿ။ရူးခြင်း၏။ဝိဃာတဿ။စိတ်ပေါက်ပြန်ခြင်း၏။ ဘာဂီ။အမှီသည်။အဿ။ဖြစ်ရာ၏။

(၃) ဂြိုဟ်သွား-ဂြိုဟ်ပြောင်းတို့၏အကျိုးအပြစ်တို့ပြဆိုဦးအံ့။

| ဂြိုဟ်အမည်။ | သိဟ-စရိယာကျင့်မှု။ | ဗျဿစရိယာကျင့်မှု။ | နိယတံကျင့်မှု။ |
|---|---|---|---|
| အင်္ဂါ။ | မင်း၏မိဘ၊ အဆွေအမျိုးသေတတ်၏။ | ဖျားနာ၍မင်းသေတတ်၏။ တနည်း၊ အတွင်းက သူပုန်ထ တတ်၏။ | မိန်းမများဒါဏ်သင့်တတ်၏။ |
| ဗုဒ္ဓဟူး။ | မင်းတို့အပြစ်သင့်တတ်၏။ | အနောက်အရပ်က သူပုန်ထတတ်၏။ | ပြည်သူအများ မနေ နိုင်အောင် တိုင်းပြည်ခုပူတတ်၏။ |
| ကြာသပတေး။ | မင်းသေတတ်၏။ | မင်း၏ အခြွေ အရံ ဒဏ်သင့်တတ်၏။ | ရေကြီးတတ်၏၊အစားခေါင်းပါးတတ်၏။ လျှောင်လှုပ်တတ်၏။ တိုင်းပြည်ပူခုတတ်၏။ |
| သောကြာ။ | ကုန်သည်တို့ပျက်စီးတတ်၏။ | ပြည်ရေးချောက်ချားတတ်၏။ | အမိပတိ ဆရာကြီး သမားကြီးများဒဏ်သင့်တတ်၏။ |
| စနေ။ | သတ္တဝါအများ ပျက်စီးတတ်၏။ | သတ္တဝါအများ၊ အမှုများတတ်၏။ | သတ္တဝါအများကို၊ ဩဇာကြီးသူက နှိပ်စက်တတ်၏။ |




သက္ကရာဇ် ၁၂၈၆-ခုနှစ်။ အင်္ဂါဂြိုဟ်အတွန့်သွား၍ ဗျူဿစရိယာ ကျင့်ပုံ။

(အင်္ဂလိပ်နက္ခတ်စာအုပ်မှကူးယူသည့်ပုံ။)

(၄) ဂြိုဟ်ပိုင်နက္ခတ်တို့ကို အောက်ပါအတိုင်း မှတ်သားရန်။ပြဆိုလိုက်ဦးအံ့။

| ဂြိုဟ်အမည်။ | နက္ခတ်အမည်။ |
|---|---|
| တနင်္ဂနွေ။ | ၃ ။ ၄ ။ ၅။ |
| တနင်္လာ။ | ၆ ။ ၇ ။ ၈။ ၉။ |
| အင်္ဂါ။ | ၁၀။၁၁။၁၂။ |
| ဗုဒ္ဓဟူး။ | ၁၃။၁၄။၁၅။၁၆။ |
| စနေ။ | ၁၇။၁၈။၁၉။ |
| ကြာသပတေး။ | ၂၀။၂၁။ × ။၂၂။ |
| ရာဟု။ | ၂၃။၂၄။၂၅။ |
| သောကြာ။ | ၂၆။၂၇။၁ ။ ၂။ |

၁-သည်။အဿဝဏီ။ ၂—သည်။ဘရဏီ။ ၃—သည်။ကြတ္တိကာ ဟူ၍။အစဉ်အတိုင်းယူရာ၏။ ကြက်ခြေကားကိတ် နက္ခတ်တည်း။

(၅) ဂြိုဟ်ရှစ်လုံးကြယ်စားလျှင်၊ ဝတ်ဆင်ရာသော ကျောက်မျိုးကိုပြဦးအံ့။

အဝေထွေထွေအန္တရာယ်။ စင်ပျောက် ပြယ်လျက်။ ချမ်းကြွယ် တတ်စေ။ ဥပဒေ ကား၊ တနင်္ဂနွေ ရွှေဖျား။ ဂြိုဟ်လျှင် စားမူ၊ ပတ္တမြား ရတနာ။ဝတ်ဆင်ရာ၏။ တနင်္လာ ကား။ ပြုစွာပုလဲ၊ မျက်ဖွဲ့ဆင်ရာ။ဂြိုဟ်အင်္ဂါဟူ။သန္တာမူ၏။ဆင်ပြုဗုဓ။ဂြိုဟ်စားကျသော်။ မြသား ဝတ်ရေး၊ ကြာသပတေးကား၊ ကြောင်ဆင်ပြား လေ့။ဂြိုဟ်စားသောကြာ။စိန်သာဆင်ပေ၊စနေနီလာ၊ရာဟုမှာမူ၊ ဂေါ်မုတ်ဟူသည်။မှတ်ယူဆင်ရန်ထုံးတမ်းတည်း။

ဤသို့ဆို ခဲ့သည့် အတိုင်း။ ဝတ်ဆင်မှု ခပ်သိမ်းသောဘေး အန္တရာယ်ပျောက်ရာ၏။ ကြောင့်ကြ စိုးရိမ်ခြင်းကင်းရာ၏၊ နှစ်လို့ဝမ်းသာဖြစ်ရာ၏။ ရန်မန်ခပ်သိမ်းတို့ကိုလည်းအောင်အံ့။အလို ခပ်သိမ်းပြည့်စုံအံ့ဟူ၍မှတ်အပ်ကုန်၏။

---

## အခန်း—၁၇။

## ရာဟုနှင့် နေ-လတို့၏အကြောင်းကိုပြဆိုဦးအံ့။

ရာဟုဂြိုဟ်သည်။ ရာသီစက်၌။ လှည့်လည်၏ ဟုဆိုသော်လည်း။တပါးသောဂြိုဟ်ကဲ့သို့။ကောင်းကင်၌တည်သည်မဟုတ်။ မြင်းမိုရ်တောင်ခြေရင်းဖြစ်သော။အသုရာပြည်၌တည်သည်ဖြစ်၍။ မြေ၌ကြက်စားသောဂြိုဟ်တည်း။ ထိုအကြောင်းကိုကား။ သံယုတ္တနိကာယ်ဒေဝတာသံယုတ်ပါဠိ၌ ဟောတော်မူသော။ အဋ္ဌ၊ဋီ ကိုထောက်၍ သိအပ်၏။ ဘုရားသခင်သည်။ သာဝတ္ထိပြည်ဝယ်။ စမ္မယ်တော်မူသောအခါ။ ရာဟုအသူရိန်သည်မြေမှတက်၍။နေလ ကိုဘမ်းသည်တွင်။ နေနတ်သား-လနတ်သားတို့က။ ငါတို့အား ဘုရားသခင်ကိုသာ၊ ကိုးကွယ်ရာဖြစ်တော့သည်ဟု။ ဂါထာကို ရွတ်၏။ထိုအကြောင်းကို။ဘုရားသခင်သည်။ဂန္ဓကုဋိတိုက်တော် ကပင်။ ဒိဗ္ဗသောတဖြင့်ကြားသိတော်မူ၍။ "အချင်းရာဟု၊ လွှတ် လော့-လွှတ်လော့"ဟုမိန့်တော်မူလျှင်။ အသူရိန်လည်း။ဘမ်းရာမှ လွှတ်၍ပြေးလေ၏ဟူ၍လာသည်။

သရောဒယကျမ်း၌လည်း၊ "သားရာဟု။ ထိုရာဟုကို။မဟီတ လေ။မြေအပြင်၌။ ကာလရူပေန။ မည်းနက်သောအဆင်းရှိသော အားဖြင့်။ သံဟာရေန။ ယမမင်းကဲ့သို့ သွားခြင်းရှိသောအားဖြင့်။ ဘြမတိ။ လည်တတ်၏ဟူ၍၎င်း။ ဝဂြိဒ်သဗြဲယာ။ ဝရေဖိန်စက် နှင့်တူသောအစွယ်သုံးချောင်းဖြင့်၊ ရောဒြော်ဝ၊ ကြမ်းကြုတ် ၏ ဟူ၍၎င်း။ဓေညယေ၊သိအပ်၏။

နသိဝယ။ယုံမှားမရှိရာ။ဟူသောဂါထာဖြင့်။ ညည်းနက်သော အဆင်းရှိလျက်။ ယမမင်းကဲ့သို့။ မထင်ရှားဘဲ မြေပြင်၌ လည် တတ်၏။ ဝရဇိန်နှင့်တူသောအစွယ်သုံးချောင်းရှိသဖြင့်။ ကြောက် မက်ဘွယ် ကြမ်းကြုတ်၏ဟူ၍ ဆိုသည်။ ထိုအဖွင့်ဋီကာ၌ရာသီ ဖြင့်သွားဟန်ကိုလည်း၊ ရာဂီစကြေဂြဟာနက္ခရဂတိဝိပရိတဂတျာ။ မေဂမိနကုမ္ဘာဒိကြမေနဘြမန်။ ဟူ၍ဆို၏။ သရာဟု၊ ထိုရာဟု သည်။ရာဂီစကြေ။ တဆဲ့နှစ်ရာသီစက်၌။ဂြဟာနက္ခရဂတိဝိပရိတဂ တျာ။ဂြိုဟ်တပါးတို့၏သွားခြင်းမှ။ ပေါက်ပြန်သောသွားခြင်းဖြင့်။ မေဂမိနကုမ္ဘာဒိကြမေန။ မိသာ၊မိမ်၊ကုန်စသောအစဉ်အားဖြင့်။ ဘြမန်။လှည့်လည်သွား၏။

သံယုတ္တနိကာယ်ဟူသော။သာသနာကျမ်း၌ရင်း။သရောဒယ စသောလောကီကျမ်းကြီးတို့၌ရင်း။ မြေ၌တည်ကြောင်း။အသူရာ ပြည်မှလာ၍ ဘမ်းကြောင်းကိုဆိုပြီ။ ထိုသို့ကောင်းကင်၌မတည် သေး။ ရာသီစက်၌ဘယ်သို့ယှဉ်လေကောင်းအံ့နည်း ဟူငြားအံ့။ မြေမှာသာတည်၍။ လှည့်လည်လျက်။ ရာသီစက်နှင့် ယှဉ်၏ဟု။ ဆိုခြင်းသည်။ ဗေဒင်ကိုစီရင်သောအဋ္ဌကာဝါမက။ အစရှိသော ရသေ့မြတ်တို့၏။ အမြင်ဉာဏ်ဖြင့် နိယနက္ခရသွားလာ ထိပါးကြ သော။ အခြင်းအရာကို တွက်ချက်၍ သိသာ စေခြင်းငှါ။ ရာသီ စက်၌ဖက်သှဉ်၍ထားသည်။ ထို့ကြောင့်သရအတွက်ပြက္ခဒိန်တို့ ဖြင့်။နေသကြတ်မည်မကြတ်မည်ကိုဟောဆိုနိုင်သည်။

ဘယ်ကဲ့သို့နည်းဟူမူ။ တနင်္ဂနွေဂြိုဟ်သည်။ ဂဠုန်စီးလျက်။ အရှေ့မြောက်တွင်နေ၏။တနင်းလာဂြိုဟ်သည်။ကျားစီးလျက်။အ ရှေ့အရပ်တွင်နေ၏၊ဂြိုဟ်ရှစ်ဖြာကိုမျက်နှာရှစ်ပါးဖြင့်။ မှတ်သား ၍ဆိုသကဲ့သို့တည်း။ထို့ကြောင့်။ အသူရိန် နတ်ကောင်းကင်လည် ရာခရီးကြုံကြိုက်သဖြင့်။ ဘမ်းခြင်းကိုပင်သမ္ဘကြတ်။ ထက်ဝက် ကြတ်။သုံးစိတ်ကြတ်ဘမ်းသည်။သမသတ်ဘမ်းသည်ဟု အဟော ဖြစ်၏။

## ထိုရာဟုဘမ်းစာန်ကို၊သံယုတ်အဓ္ဓကာထာလာတိုင်း ပြလိုက်ဦးအံ့။

ရာဟုအသုရာ၏ကိုယ်ကား၊ အရပ်အားဖြင့် ယူဇနာ ၄၈၀၀ ရှိ၏၊လက္ကတီးကြားကား။ ယူဇနာ ၁၂၀၊ မောင်းလက်ရိုးအလုံးကား၊ယူဇနာ၆၀။ဥကျောင်းကား။ ယူဇနာ ၉၀၀၊ နဖူးပြင်ကား ယူဇနာ ၃၀၀၊ မျက်မှောင်ကြား ယူဇနာ ၅၀၊ ခံတွင်းအကျယ် ယူဇနာ ၂၀၀။အစောက်ယူဇနာ ၃၀၀။နှာခေါင်းယူဇနာ ၃၀၀။ လက်ဝါး။ခြေဖဝါးအကျယ် ယူဇနာ ၇၀၀ ရှိ၏။ထိုရာဟုသည်။ နေ-လ သွားသော လမ်းဖြင့်သွား၍။ နေ-လ ရထားကိုမြင်လျှင် လက်ခြေကားလျက်၊ ခံတွင်းကိုဟင်းလင်းဖွင့်၍လိုက်၏၊ ထိုအခါ နေဗိမာန်လဗိမာန်၌စောင့်သော နတ်တို့သည်၊ယူဇနာ ၃၀၀ နက်သော၊ နရက် ချောက်ကြီးသို့၊ ကျအံ့သကဲ့သို့ ဖြစ်၍၊အလွန်ကြောက်ကုန်ရကား။ အခြံအရံနှင့်တကွတပြိုင်နက်ငိုကြွေးလျက် ထွက်ပြေးကုန်၏၊ ထိုအခါရာဟုသည်၊လဗိမာန်ကိုရန်ခါလက်ဝါးဖြင့်ဖုံး၏၊ ရံခါမေးအောက်၌ထား၏။ ရံခါလျှာဖြင့်လျက်၏၊ ရံခါပါးစောင်၌ထား၏၊ ယင်းသို့ဖုံးနိုင်၊ ဖုံးနိုင်သော်လည်း။ လတို့၏ သွားသော အဟုန်ကို၊ မတန့်စေနိုင်၊ လိုက်၍သာကစားရ၏။ အကယ်၍တန့်စေငြားအံ့။ပစပ်ဖြင့်ဖုံသော်၊ဥကျောင်းပြတ်ရာ၏၊လက်ဖြင့်တားသော်၊လက်ဝါးပြတ်ရာ၏၊ဘမ်းလိုရင်းမှာ၊ဗိမာန်ကိုသာ အချောင်အဝါလှပသောကြောင့်၊ကစားခြင်း၌ါဘမ်းသည်၊ဗိမာန်ကိုဘမ်းလျှင်၊ နတ်သားကိုလည်းဘမ်းရာကျလေသည်ဟု ဋီကာဆို၏။

---

# နောက်ဆက်တွဲ။

အကြင်သူတို့သည်။အလိုအတိုင်းစီရင်လိုသောကာလန္တိက်။ ရှေးဦးစွာထွက်နက္ခတ်။ဝင်နက္ခတ်။ခပတ်နက္ခတ်တို့ကို။ ဖိစစ်ရာ၏။ထိုသို့ဖိစစ်ပြီးမှလည်း၊အလိုရှိရာစီရင်ကုန်အပ်သည်၊သို့မှသာ မင်္ဂလာတိုးပွါးရာ၏၊အခလောင်းအစားလုပ်က နိုင်ရာ၏။

## နက္ခတ်ထွက်ဝင်စသည်တို့ကိုပြခြင်း။

(၁) ရဝိသောဠသ။ စန္ဒယာဝိသဠ။ ဘောမတေဝိသ၊ ဗုဒ္ဓစတု။ဂုရုသုညံ၊ဘာရဂုအဋ္ဌ၊သောရိဧကဒ္ဒါဒသ၊ (ဗုဒ္ဓသုညံ၊ဂုရုစတု။ ဟူ၍လည်းရှိ၏၊ကြိုက်ရာယူ။)

အဓိပ္ပါယ်ကား၊တနင်္ဂနွေနေ့၌ ၁၆ ကိုစ၍ချရာ၏၊တနင်္လာနေ့၌ ၂၀ ကိုစ၍ချရာ၏၊အင်္ဂါနေ့၌ ၂၃ ကိုစ၍ချရာ၏၊ ဗုဒ္ဓဟူးနေ့၌ ၄ ကိုစ၍ချရာ၏၊(တနည်းသုညကိုချရာ၏။)ကြာသပတေးနေ့၌သုညကိုစ၍ချရာ၏၊(တနည်း ၄-ကိုချရာ၏။)သောကြာနေ့၌ ၈ ကိုစ၍ချရာ၏၊စနေနေ့၌ ၁၂ ကိုစ၍ချရာ၏။

## အစင်အကြယ်သိရန်သေချာစွာဘော်ပြဦးအံ့။

တနင်္ဂနွေနေ့၌၊နက္ခတ်အထွက်ကိုရှင်း။အဝင်ကိုရှင်း၊ခပတ်ကိုရှင်းသိနိုင်ရန်။ဇယားအကွက်သားပြီးလျှင်၊တနင်္ဂနွေထောင့်အရပ်ကစ၍၊တရပ်လျှင်သုံးလုံးစီချရာ၏၊ရဝိသောဠသဆိုသောကြောင့်၊ ၁၆-ကိုတနင်္ဂနွေထောင့်ကစ၍ချ၊ တခုတိုး ၁၇၊တခုတိုး ၁၈၊ ၎င်းတွင်တခုတိုး၍၊တနင်္လာအရပ်တွင် ၁၉ ချရာ၏၊ တခုတိုး ၂၀၊ ၎င်းအရပ်တွင်ကိတ်နက္ခတ်အတွက်ဂဏန်းမတိုးဘဲ၊ကြက်ခြေတတန့်ချ၊ ၎င်းသုံးတန့် ချပြီးလျှင်၊ ခပတ်အတွင်းသို့ ဝင်၍၊ ၂၁ ချရာ၏၊၎င်းတွင်တခုတိုး၍၊ အင်္ဂါအရပ်တွင် ၂၂ ချရာ၏၊ တခုတိုး ၂၃၊တခုတိုး ၂၄၊ ၎င်းတွင်တခုတိုး၍၊ ဗုဒ္ဓဟူးအရပ်တွင် ၂၅၊ တခုတိုး ၂၆၊ တခုတိုး ၂၇၊ သတ္တမီသချေသော

ကြောင့်၊သုညကိုချရာ၏။ခပတ်အတွင်းသို့ဝင်၍။ ၁ ကိုချရာ၏၊ ၎င်းတွင်တခုတိုး၍။ ၂ ကိုစနေအရပ်တွင်ချ။ တခုတိုး ၃၊ တခုတိုး ၄-ကိုချရာ၏၊ ၎င်းကိုတခုတိုး၍၊ ၅ ကို ကြာသပတေး အရပ်၌ချရာ၏။ တခုတိုး ၆၊ တခုတိုး ၇။ တခုတိုးခပတ်အတွင်းသို့ဝင်၍ ၈ ကိုချရာ၏၊တခုတိုး၍ရာဟုအရပ်၌ ၉ ကိုချရာ၏၊ တခုတိုး ၁၀။တခုတိုး ၁၁ ကိုချရာ၏။ တခုတိုး၍ သောကြာအရပ်၌ ၁၂။တခုတိုး ၁၃။တခုတိုး ၁၄၊တခုတိုး ၁၅ ကိုခပတ်အတွင်း ဝင်၍ချရာ၏။ဤကားတနင်္ဂနွေအတွက်ပြီး၏။

၎င်းနည်းအခြားကျန်နေရာများကိုချရာ၏။

တနင်္ဂနွေနေ့နက္ခတ်ပုံ။

| | | |
|---|---|---|
| အထွက်။ ၁၈ ၁၇ ၁၆ | အဝင်။ ၁၉ ၂၀ + | အထွက်။ ၂၄ ၂၃ ၂၂ |
| အဝင်။ ၁၂–၁၃–၁၄ | ၂၁ ၁၅ ၁ ၈ | ၀–၂၆–၂၅ အဝင်။ |
| ၉ ၁၀ ၁၁ အထွက်။ | ၇ ၆ ၅ အဝင်။ | ၂ ၃ ၄ အထွက်။ |

ဤပုံစံ၌၊ လေးထောင့်အရပ်ကားအထွက်။ လေးမျက်နှာတည့်တည့်အရပ်ကားအဝင်၊ အတွင်းကား ခပတ်နက္ခတ်ဟု မှတ်သားရာ၏။

ဧင်းပုံကိုချပြီးလျှင်၊ အဝင်-အထွက်-ခယတ်ကျသည့်နက္ခတ်ကို။ အောက်ပါလင်္ကာဖြင့်ရွေးချယ်၍သိရာ၏။

“လကာဆုန်တာဉ်ပြဒါးလို၊ မွေးမြောက်ပွါးသင့်ရန်၊ ရောက်ဆဲစလှကိုချွန်သည်။ မွေးသွင်းရန်ရက်ပေါင်း၊ ထပ်လောင်း၍သတ်ဖိသော။ ချေဖိုက်ဖစန်းယှဉ်အကြွင်း” ၊ အဓိပ္ပါယ်ကား၊ ကဆုန်လကာအစပြု၍၊ လစဉ်ကိုရေတွက်၍ရသော လပေါင်းကိုတည်။ နှစ်နှင့်မြှောက်၊ ဧင်းအရ ရောက်ဆဲဖြစ်သော လ၏ရက်ပေါင်းနှင့်ရော။ ၂၇-နှင့်စား၊ အကြွင်းစန်းယှဉ်နက္ခတ်ဖြစ်၏။

(၂) တဘက်ကန်း၊ နှစ်ဘက်ကန်း၊ နှစ်ဘက်မြင်နက္ခတ်တို့ကိုပြခြင်း။

လိုသောနေ့၏ တွက်၍ရသောနက္ခတ်ကိုတည်။ ၉-ခုနှင့်စား။ ၅။၁။၀ ကြွင်းသော်တဘက်ကာန်းဟူ၍သိရာ၏၊ ၃။၇။၈ ကြွင်းသော်နှစ်ဘက်ကန်းဟူ၍သိရာ၏၊ ၂။၄။၆ ကြွင်းသော်နှစ်ဘက်မြင်ဟူ၍သိရာ၏။

တဘက်ကန်းကြုံလျှင်၊ ဘုရားတည်၊ကျောင်းဆောက်၊ တန်ဆောင်းမဏ္ဍပ်၊ ရေတွင်း၊ရေကန်၊အိမ် စသည်တို့ကိုပြုက၊ အလွယ်တကူနှင့် ပြီးရာ၏။ နှစ်ဘက်ကန်း ကြုံလျှင်၊ ရှိန်းဆာယာ၊ ဝိဇ္ဇာဓရနှင့်ကာယသိဒ္ဓိတို့ကိုစီရင်ကအောင်လတ္တံ့။

နှစ်ဘက်မြင်ကြုံလျှင်၊ ဆုတ္ထိသုံ့၊ ပီယသိဒ္ဓိအင်းအိုင်လက်ဖွဲ့၊ ဆေးတို့ဆေးနှံ့၊ အလောင်းအစားပြုက၊ အောင်လတ္တံ့။ တွေ့ဘူးမှ၊ အယုံအကြည်ရှိကြလိမ့်မည်။

ဥပါဒ်၊ မိတ္တု စသည်တို့ကိုရွေးနည်း၊ စန်းယှဉ်နက္ခတ်-၂၀-မကျော်လျှင်၊ သိး၊ကုန်း၊ ပြည့်၊ အောင်၊လှ၊တံ၊ဇောင်၊ ကိုနှော၍တည်။ စန်းယှဉ်နက္ခတ်-၂၀-ကျော်လျှင်၊ နောင်၊ဆို၊သည်၊ ကား၊ မြ၊အ၊လား၊ ကိုနှော၍တည်။ ခွန်နှစ်နှင့်စား၊ တစ်၊နှစ်၊သုံး၊ ကြွင်းသော်၊ ဥပါဒ်၊ မိတ္တု၊ကာနုပဟုသိ၊ လေး၊ ငါး၊ခြောက်၊ သုညကြွင်းသော်၊ မြိတ္တ၊ လာဘံ၊ ဝရံ၊ သိဒ္ဓိဟုသိလေ။ သိဒ္ဓိအမျိုးမျိုးတို့ကိုစီရင်သောအခါရွေးချယ်၍စီရင်ကြကုန်၊

ဗဟိုရ်—မွန်းတည့်နက္ခတ်တို့ကိုပြဆိုဦးမည်။

အခဏ်း ၄ တွင်ပြဆိုသည့်အတိုင်း၊ပထဝီဖြစ်သည်။အာပေါ ဖြစ်သည်၊တေဇောဖြစ်သည်။ဝါယောဖြစ်သည်တို့ကိုဆင်ခြင်၍။ ခိုင်ခန့်တည်ကြည်စေခြင်း။မြေချမ်းသာစေခြင်း၊ပူပန်လောင်ကျွမ်း စေခြင်း။ ပြန့်လွင့် လှုပ်ရှားစေခြင်း။ စသည်ဖြင့် ဌာနာဌာနအား လျော်စွာ။ ဖြစ်သင့်ဖြစ်ထိုက်ကုန်သောဆိဒ္ဓိအပေါင်းတို့ကို။ အလို အတိုင်းစီရင်ရာ၏။ တဆယ့်နှစ်ရာသီတို့နှိက် မွန်းတည့် နက္ခတ် တို့ကို။ဗဟိုရ်အားဖြင့်။ မှတ်၍သိအပ်ကုန်၏၊ သို့သော်ငြားလည်း၊ ကောင်းကင် တနင်္ဂွေ အမြင်ကို သိမှသာလျှင်။ အမှန်ကိုရရာ၏။ ယခုပြဆိုလိုက်သည်မှာ။ အကြမ်းအစိပ်အားဖြင့်။သဘောရမိရုံ သာပြလိုက်ခြင်းဖြစ်သည်။

ဤသို့အကြမ်း အစိပ်အားဖြင့် ပြဆိုသော်လည်း၊ အများသော ဆရာကြီးများတို့ကထပ်တူထပ်မျှ၊ မှန်ကြောင်းကိုဝံခံပြောဆိုကြ လေသည်ဖြစ်သောကြောင့်၊ မိမိတို့ လိုအပ်သောအစီအရင်တို့ကို။ စီရင်နိုင်လောက်ပေလိမ့်မည်သာတည်း။

ဗဟိုရ်မွန်းတည့်နက္ခတ်တို့ကို၊ မြန်မာအချိန်နာရီနှင့်ပြဆိုထား သည်ဖြစ်သောကြောင့်၊ ယခုကာလအင်္ဂလိပ်နာရီအားဖြင့်။အောက် ပါအတိုင်းမှတ်ယူအပ်၏။

| မြန်မာ။ | အင်္ဂလိပ်။ |
| --- | --- |
| ညဉ့် ၂ ချက်တီး။ | ညဉ့် ၁၂ နာရီ။ |
| ညဉ့် ၃ ချက်တီး။ | နံနက် ၃ နာရီ။ |
| ညဉ့် ၄ ချက်တီး။ | နေထွက် ၆ နာရီ။ |
| နေ့ ၁ ချက်တီး။ | နံနက် ၉ နာရီ။ |
| နေ့ ၂ ချက်တီး။ | မွန်တည့် ၁၂ နာရီ။ |
| နေ့ ၃ ချက်တီး။ | ညနေ ၃ နာရီ။ |
| နေ့ ၄ ချက်တီး။ | နေဝင် ၆ နာရီ။ |
| ညဉ့် ၁ ချက်တီး။ | ညဉ့် ၉ နာရီ။ |

## ဗသိုရ်မွန်းတည့်နက္ခတ်။

| အချိန်။ | | တပေါင်းလအဘို့။ | တံခူးလအဘို့။ |
|---|---|---|---|
| ညဥ့်သန်းခေါင်နှစ်ဗဟိုရ် | (၁၂-နာရီ။) | ဥတ္တရာဘဒြပုဒ်။ | စိတြ။ |
| ညဥ့်သုံးချက်တီး | (နံနက် ၃-နာရီ။) | သွာတိ။ | အနုရာဓ။ |
| နေထွက်လေးချက်တီး | (နံနက် ၆-နာရီ။) | ဇေဋ္ဌ။ | ဥတ္တရာသဠ်။ |
| နေတက်တချက်တီး | (နံနက် ၉-နာရီ။) | သရဝဏ်။ | သတ္တဘိသျှ။ |
| နေ့နှစ်ချက်တီး | (နေ့ ၁၂-နာရီ။) | ပြုဗ္ဗါပရပိုက်။ | ရေဝတီ။ |
| ညနေသုံးချက်တီး | (ညနေ ၃-နာရီ။) | အဿဝဏီ။ | ရောဟဏီ။ |
| နေဝင်လေးချက်တီး | (ညနေ ၆-နာရီ။) | မိဂသီ။ | ပုဏ္ဏဖုသျှ။ |
| ညဥ့်တချက်တီး | (ညဥ့် ၉-နာရီ။) | ဖုသျှ။ | မာဃ။ |

ဗေဒင်ရှိမွန်းတည့်နက္ခတ်။

| အချိန်။ | | ကသုန်လအတွက်။ | နယုန်လအတွက်။ |
|---|---|---|---|
| ညဥ့်သန်းခေါင်နှစ်ဗေဒင်ရှိ | (၁၂-နာရီ။) | ဝိသာခါ။ | ဇေဋ္ဌ။ |
| ညဥ့်သုံးချက်တီး | (နံနက် ၃-နာရီ။) | မူလ။ | ဥတ္တရာသဠ်။ |
| နေထွက်လေးချက်တီး | (နံနက် ၆-နာရီ။) | ဓနသိဋ္ဌ။ | ပြုဗ္ဗါပုရပိုက်။ |
| နေတက်တချက်တီး | (နံနက် ၉-နာရီ။) | ဥတ္တရာပုရပိုက်။ | အဿဝဏီ။ |
| နေ့နှစ်ချက်တီး | (နေ့ ၁၂-နာရီ။) | ဘရဏီ။ | မိဂသီ။ |
| ညနေသုံးချက်တီး | (ညနေ ၃-နာရီ။) | အဒြ။ | ဖုသျှ။ |
| နေဝင်လေးချက်တီး | (ညနေ ၆-နာရီ။) | အသလိဿ။ | ပြုဗ္ဗါဘရဂုဏ္ဏီ။ |
| ညဥ့်တချက်တီး | (ညဥ့် ၉-နာရီ။) | ဟဿဘ။ | သွာတိ။ |

## ဗဟိုရ်မွန်းတည့်နက္ခတ်။

| အချိန်။ | ဝါဆိုလအတွက်။ | ဝါခေါင်လအတွက်။ |
|---|---|---|
| ညဥ့်သန်းခေါင်နှစ်ဗဟိုရ် (၁၂-နာရီ)။ | ပုဗ္ဗါသဠ်။ | သရဝဏ်။ |
| ညဥ့်သုံးချက်တီး (နံနက်၃-နာရီ)။ | သတ္တဘိသျှ။ | ဥတ္တရာဗရပိုက်။ |
| နေထွက် လေးချက်တီး (နံနက်-၆-နာရီ)။ | ရေဝတီ။ | ဘရဏီ။ |
| နေတက်တချက်တီး (နံနက်-၉-နာရီ)။ | ရောဟဏီ။ | အဒြ။ |
| နေ့နှစ်ချက်တီး (နေ့-၁၂—နာရီ)။ | ပုဏ္ဏဖုသျှ။ | အသလိဿ။ |
| ညနေသုံးချက်တီး (ညနေ-၃-နာရီ)။ | မာဃ။ | ဥတ္တရာဘရဂုဏ်။ |
| နေဝင်လေးချက်တီး (ညနေ-၆-နာရီ)။ | စိတြ။ | ဝိသာခါ။ |
| ညဥ့်တချက်တီး (ညဥ့်- ၉-နာရီ)။ | အနုရာဓ။ | မူလ။ |

ဗဟိုရ်ရှုမှန်းသည့်နက္ခတ်။


| အချိန်။ | တော်သလင်းလအတွက်၊ | သီတင်းကျွတ်လအတွက်။ |
| --- | --- | --- |
| ညဥ့်သန်းခေါင်နှစ်ဗဟိုရ် (၁၂-နာရီ)။ | ပြုဗ္ဗါပရပိုက်။ | အဿဝဏီ။ |
| ညဥ့်သုံးချက်တီး (နံနက်-၃-နာရီ)။ | အဿဝဏီ။ | ရောဟဏီ။ |
| နေထွက်လေးချက်တီး (နံနက်—၆—နာရီ)။ | မိဂသီ။ | ပုဏ္ဏဖုသျှ။ |
| နေတက်တချက်တီး (နံနက်—၉-နာရီ)။ | ဖုသျှ။ | မာဃ။ |
| နေ့နှစ်ချက်တီး (နေ့-၁၂-နာရီ)။ | ဥတ္တရာဘရဂုဏ္ဏီ။ | စိတြ။ |
| ညနေသုံးချက်တီး (ညနေ-၃—နာရီ)။ | သွာတိ။ | အနုရာဓ။ |
| နေဝင်လေးချက်တီး (ညနေ-၆—နာရီ)။ | ဇေဋ္ဌ။ | ဥတ္တရာသဠ်။ |
| ညဥ့်တချက်တီး (ညဥ့်-၉—နာရီ)။ | သရဝဏ်။ | သတ္တဘိသျှ။ |

ဗဟိုရ်မွန်းတည့်နက္ခတ်။

| အချိန်။ | | တန်းဆောင်မုန်းလအတွက်။ | နတ္တော်လအတွက်။ |
|---|---|---|---|
| ညဉ့်သန်းခေါင်နှစ်ဗဟိုရ် | (၁၂-နာရီ၊) | ကြတ္တိကာ။ | မိဂသီ။ |
| ညဉ့်သုံးချက်တီး | (နံနက် ၃-နာရီ။) | အဒြ။ | ဖုသျှ။ |
| နေထွက်လေးချက်တီး | (နံနက် ၆-နာရီ။) | အသလိဿ။ | ဥတ္တရာပရဂုဏ္ဏီ။ |
| နေတက်တချက်တီး | (နံနက် ၉-နာရီ။) | ဟဿတ။ | သွာတိ။ |
| နေ့နှစ်ချက်တီး | (နေ့ ၁၂-နာရီ။) | ဝိသာခါ။ | ဇေဋ္ဌ။ |
| ညနေသုံးချက်တီး | (ညနေ ၃-နာရီ။) | မူလ။ | သရဝဏ်။ |
| နေဝင်လေးချက်တီး | (ညနေ ၆-နာရီ။) | ဓနသိဋ္ဌ။ | ပြုပ္ပါပရပိုက်။ |
| ညဉ့်တချက်တီး | (ညဉ့် ၉-နာရီ။) | ဥတ္တရာဘရဂုဏ္ဏီ။ | အသဝဏီ။ |

ဗဟိုရ်မွန်းတည့်နက္ခတ်။

| အချိန်။ | ပြာသိုလအတွက်။ | တပို့တွဲလအတွက်။ |
|---|---|---|
| ညဉ့်သန်းခေါင်နှစ်ဗဟိုရ် (၁၂-နာရီ။) | ဖုဿျှ။ | မာဃာ။ |
| ညဉ့်သုံးချက်တီး (နံနက် ၃-နာရီ။) | ပြုပ္ပါဘရဂုဏ္ဏီ။ | ဟဿတ။ |
| နေထွက်လေးချက်တီး (နံနက် ၆-နာရီ။) | စိတြာ။ | ဝိသာခါ။ |
| နေတက်တချက်တီး (နံနက် ၉-နာရီ။) | အနုရာဓ။ | မူလ။ |
| နေ့နှစ်ချက်တီး (နေ့ ၁၂-နာရီ။) | ဥတ္တရာသဠ်။ | ဓနသိဋ္ဌ။ |
| ညနေသုံးချက်တီး (ညနေ ၃-နာရီ။) | သတ္တဘိသျှ။ | ဥတ္တရာပရပိုက်။ |
| နေဝင်လေးချက်တီး (ညနေ ၆-နာရီ။) | အဿဝဏီ။ | ကြတ္တိကာ။ |
| ညဉ့်တချက်တီး (ညဉ့် ၉-နာရီ။) | ရေဝတီ။ | အဒြ။ |




သဝဏ်နက္ခတ်လုံးရေ ၂၂ (စာမျက်နှာ ၁၅-တွင်ကြည့်။)

သရတာရာ။ နံပါတ် ၇၆ (စာမျက်နှာ ၃၄-တွင်ကြည့်။)

ဥဒ္ဒိဂ်တာရာ။ ၇၇ ( ၎င်း။ )

ကာကတာရာ။ ၇၀ ( ၎င်း။ )

ခုနစ်စင်ကြယ်မြောက်အပြင်တာရာနံပါတ် ၃ (စာမျက်နှာ ၂၆ တွင်ကြည့်။)

{အမြင်နက္ခတ်ပုံတည်း။}



၁၂၄၄—ခုနှစ်တော်သလင်း။ [illegible]
လဆုတ်-၁၃။ ရက်(၂-ရို)ထွက်ပေါ်သည်။
ကြယ်တံခွန်ပုံ။

# ဆရာကြီးဦးကျော်လှ

ရေးသားသော

## သံချိုလေးချိုးကြီးများ။

ကမ္ဘာဘွင်။ မဟာသမတ တပါးပါဘဲ။ ရာဇထံငွေပေရှက်ကယ်နှင့်။ချွေသက်လာ။ စက္ကဝါနရန်တွင်းမှာ။စာဘန်း ဓမ္မာဘာထားခဲ့။စိန်သွားချွန်ကညစ်ဖူးငယ်နှင့်။ ရွှေတယ်ကာရသေ့ဆယ်ဦးတို့၊ကူးခဲ့တဲ့ဘျမ်းဗေဒင်။ကူးတရာသိဦးသာဝ။အစသည်တွင်ရှုန်းခဲ့။လသုံးဆယ်နောင်အရှေ့နှင့်။အခါလည်ကြယ်ကြာသပတေးတဲ့။ ပြည်ရေးရာ တွေးကာဆိုလို့မို့။ နိရတုံသိဟာဇာနှင့်။ ကလိကမာ ဗိလာမြန်းလျှင်ဖြင့်။ ဂဏန်းမြွောက်ခါမတွေးနိုင်ဘု။သမ်းကောက်ကွေ့ဝင်။ ။မှုသိကာသူ့ရှာကြွက်တွေတို့။အဖြစ်အလွန်ကြီးသည်ဟု၊ဖျက်ဆီးရှာဖွေလို့ဘမ်းရမတဲ့။ ကျိမ်းကျေပြီသည်လိုက်နိုင်းရယ်နှင့်။ငြိမ်းမည်ဟုမှန်မထင်၊မြန်ခွင်ရှိနယ်အဓှန်း။ ။အကောက်ဉာဏ်ဖေါက်ပြန်လို့ပြုနှင့်တော့။ခြောက်ချမိန်ရာသီကာ။နွါဒသီအိပ်နေကြပ။မိသာချာရှိနားလို့၊ဟိုရှေးမေတုံကူးပြီးတော့။ကျုံဘူးပေါင် သည်အခက်လိုဖြင့်။ ကောင်းကင်-မောင်းဆင်တဲ့ကြွက်ကိုလ။ မြင်ရက်ပင်မိအောင်မဘမ်းနိုင်ဘု။ရောင်ရမ်းကာ။လူပြည်ကြွက်တွေတို့။ သေပျက်ခါ ခန္ဓာဆုံးရှာကြ။ အသက်ဟိုစစ်ဦးတုံးပေမဲ့။ မပျက်မပြိုကြွက်ပြုံဟ်စာလုံးငယ်၊ ဘုန်းတောက်လို့ထွန်း။

ရင်းရေး-ဘေးထပ်။

ချိုင်းပြူသိန်းဘမ်းလို့။ကိန်းခန်းနှင့်ညီစွာ။သောရိဓါတ်ညွှီးငယ်ရှာ။ကိုးကွယ်ရာမရ။ ။ဟောမန္တာတပေါင်းကုန်လျှင်၊ မကောင်းဆုံပျက်စ။ ။ကြားလျက်ခြေတော်တင်။မြေပြင်ဘူင်အမှု။ ဗိုလ်သင်္ချေ့အနန္တာ။ကြီးသမျှပြီးဘွယ်။ ။သူရိယာမဓလေ့ပြောင်းရင်ဖြင့်။စစ်ငွေမောင်းဆော်လိမ့်ဘကယ်။ ။မကောင်းသူမပျက်ပါပယ်။

R. No. 171-9.

ဘဝက်နှယ်ရိုက် ချုန်းလို့၊ တကာပ် လုံး၊ စာမူ တင်။ ထွန်းလိမ့် အစဥ်။ ငါကဲ့သို့စစ်ဘုရင်ဝယ်၊ ဘယ်ရာဝင်ရှိဘူးကွယ့်လေး။

ရှင်းရေး-လေးချိုးကြီး။

သက္ကရာဇ်၊ အသစ်တခါပြုကြလျှင်၊ ဂုရုဆိုအပြစ်ဆိုးတာမို့၊ သူခိုးရန်-ဘားပြမျိုးတွေနှင့်။ မိုးယိုးကပင် ခေါင်ချင်-ခေါင်တတ် သတဲ့၊ မင်းမိုးတောင်အသစ်ပြောင်းလို့မို့၊ ရှစ်ပေါင်းတွေ့ဆုံကာ တွေ့လှပေါ့၊ အောင့်မေ့၍စိတ်မကုန်။ ။ခြောက်နှစ်ခြောက်ဒေါက် ရှောက်ကယ်မကြာပ၊ နောက်တခါရောက်လာမဲ့ရှစ်မတော့၊ ဘာ ဖြစ်မည်မဆိုနိုင်ဘု။ ကြိုဟ်သုံးခု-စတုဇော၊ လူဝေါဟာ-ကောဇာ ချလိုက်တော့။ ပါပပြောင်းပြန်ကျလိုမို့၊ ပစောက်ကယ် ဂ ငယ် ဖြစ်။ ကိန်းရှစ်နှစ်ကြို၊ ။ခါတ်ထွက်ကယ်တပေါင်နှင့်၊ နတ်စက် ရောင်-ဇာဂရု၊ ရှစ်ခုဆိုသည်လိုဟာထင့်၊ သိဟိုဠ်မှာသာသနာ ထွန်းစေဘို့၊ သိကြားစေကာညွှန်းတော့၊ ဘုရားမွန်နိဗ္ဗာန်နန်း-စံ မြန်းတော် ကိုယ်တော်ချုပ်လုမှ၊ ပြည်ကုသိန် မာလာမင်း-အင်္ ကြင်းဆာရာရိပ်၊ ဘိသိက်တော်မြွက်ဖော်လိုဟောတော့၊ ယက္ခော- ကုဝဏ္ဏာတို့၊ ဝိဇယရာဇာသာသနာပြုစေဘို့၊ အပါးမှာသိကြားလာ ၍ရှုစမို့၊ ဘိလူးတို့ပြေးကြကုန်၊ ဈေးပုံကရှိရင်း၊ ။နာနာနရံ- သတ္တဝါအများငယ်တို့၊ နာဖျားရန်ဥပဒ္ဒဝေါငယ်နှင့်၊ ငတ်သေသူ ဖြစ်သူဖြစ်ကြလိမ့်၊ မင့်သစ်ပင် ပြောင်းချင် ပြောင်းတတ်သတဲ့။ ရှစ်ခုဆိုသည်မျိုးပေထင့်၊ ဘုရားသာသနာ သိကြားသာ၍စိုးခိုက် ကမို့၊ ဆိုးတတ်သည့်ကိန်းသာပုံ၊ အမြဲကုန်မယူကြပါနှင့်၊ လောက ဝစနံ၊ နသစ္စံမမှန်တာမို့၊ မှန်မမှန်၊ မှန်ရာနှစ်ကွဲရယ်နှင့်၊ ကံမွဲသူ ရုပ်နံပြောင်းကြလိမ့်၊ ကံကောင်းသူ၊ စည်းစိမ်တိုးလို့ရယ်၊ ဆိုး တတ်ဘိခြင်း။

ရှင်းရေး-လေးချိုးကြီး။

လောကဓါတ်တွင်မှ၊ သောသတ်ကယ် အဋ္ဌာကြို၍၊ နဝါအ ကုန် နှစ်ကိုဆိုက်အောင်ပ၊ ဆူလှိုက်ခါ ကမ္ဘာတွေသည့်နှယ်၊

မြန်မာတွေ လူတသင်းမှာဖြင့်။ ပူပြင်းစွာမနေသာဘု၊ ပြေရှာမှာ။ ကြေးငွေအမှုငယ်ကြောင့်။ မြေပတပြာဆွေးကျွေ့လုပါပေါ့။ များဗိုလ်ထုမသက်သာ။ ။သက္ကရာဇ်ကူးပြန်တော့။နှစ်ဦးအတာပေါ်ခဲ့လျှင်။ အလောင်းတော်မဟာသမတရယ်ဟု။ ရာဇဝင်ရာစိန္ဒြာတို့။လာချိန်ခါ၊အမှန်နီးသော်ကြောင့်။ ကြယ်ကြည်ဂြိုဟ်ဘာရာတို့။ အာကာမှာဖြာဖြာလင်းကြတယ်။ဝင်းလို့ရောင်ဖြာ။ ။နမိတ်ထူးပါဘိ၊ဟိတ်ကူးကာ။ ရွှေအနဘိအဇာတာက၊ ငွေစန္ဒာယုန်မင်းကိုဖြင့်။ကြယ်သောကြာပေါက်ခါထွင်းသည့်ပြင်။ ကြွက်မင်းဘုံတူဆိသို့။ ယုံစန္ဒိဝင်ကာဖြတ်ပြန်တော့။ တိုင်းရပ်မှာဘုရင်များတို့။ ကမ္ဘာတွင်အနိုင်လုရှာကြ။ ဘယ်သူဘယ်အနေနှင့်။ ဘယ်ပြည်မှာ။ဘယ်သူကအုပ်မယ်လို့။သယုတ်အခြေခံပ၊ သွေ့မလှန်ကော်ပြရရင်၊ဆန်းဒသသည်အခါ၊ပြည်ရွာပညိမ်အေး။ဇမ္ဗူဒိပ်မှာဖြင့်။ နိမိတ်အမှန်ယူကြတော့၊ နံပဲဖြူတခါ၊ထွန်းချိန်မို့။ စနေဂြိုဟ်မြွေခိုဘဲ့ကျွန်းမှာဖြင့်၊ နဂါးမြွေ-ဖါးတွေက လွှမ်းပါလိမ့်မယ်ဗျာ။ပြွမ်းအသိုက်တွေး။

သက္ကရာဇ်အနှစ်ခြောက်ဆယ်ကိုးတွင်မှာ၊ဆေသ်ဆိုးပုံ။ ။ပဒုန်ပျံလိမ့်မထင့်။ဂဠုန်နံ-သိန်ကန်အဆင်းမှာတဲ့။ညချင်းပင်အလျှံပြောင်သည့်။ လဝါခေါင်ပက္ခလမ်းမှာဖြင့်။ ဆန်းဆယ်ရက်ကြယ်တံခွန်။ ။နိမိတ်ကယ်လွန်စွာနှင့်—ထောမဏာ သြဘာတောက်နေကြ။တောင်မြောက်အရှေ့မှန်တဲ့ပြင်။နောက်လမ်းကိုမျှော်ကာငေးသူနဲ့၊ ချင့်တွေးရန်အတန်တန်ပ။နောက်ထပ်မံဘော်သလင်းမှာတော့။လမင်းပက္ခာဆန်းပြန်ခဲ့၊ စွန်းသတ္တာခုနစ်ရက်တွင်မှ၊ ခေါ်ချက်ပင် အလွန်သာသည့်၊ နောက်သောကြာ ဝါရမိတ်၊ အတိတ်ခေါ်ပြသဒါးပါတဲ့။ မှတ်သားရန် ကောင်းကင်မြူးတဲ့ပြင်၊ကျော်ကြူးစွာအမှန်လာ၍၊ကြယ်ဥက္ကာဘိလာကန့်၊ မြန်းကြွအလွန်။ ။များဗိုလ်ခြေသတ္တဝါ - လူအများရယ်က။ ဥပ္ပါတ်ကံသတ္တံ များသည့်ပြင်။ အစားအစာပျောက်လို့မို့။ သေလောက်အောင်မကြုံပရစေနှင့်။ တွေးဆ၍ကြံစီကာ။ စိန္တေ့ရာမြတ်ဘုရား။

သိကြားကယ်ဝါနေဒ်လို့။ တင်ဆွမ်းဘော်အသွယ်သွယ်နှင့်၊ ပန်းစမ္ပါယ်ဒေါနုမိုးသည့်ပြင်။ ကြက်ရုံးစကားဝါနှောလိုမို့။ အိလောက်စွါခတ္တာကဲတဲ့ပြင်။ ကန်မောက်အထုံကြိုင်လို့။ မြတ်လေးခိုင်ဥပ္ပါညီဖူး။ ဆန်းထူးစွာသဒ္ဒါရွှမ်းလို့။ ဘုရားတင်ညောင်ရေးသွမ်းကြတော့၊ ငတ်မွတ်ရန် ထိုအခါနှင့်။ ကပ်ရောဂါ-ဘေးရန်ပျောက်၍မို့။ သာသနာထိန်ထိန်တောက်မှာကြောင့်။ ကြယ်ဥက္ကာ-ပေါ်လာပေါက်ထာက။ ကြောက်လောက်အောင်ထကယ်မဟုတ်ပါဘု။ သာသနာဘာသာလင်းလို့ရယ်ကွယ်—ဘုန်းတောက်တဲ့မင်း။

ပါကကုန် ဓါတ်သဘော။ သာဘ်သောဘိ အစ်ထပ်သကို။ ဤနှစ်တွင် ဖြစ်လာချက်ဆန်းပါဘိ။ ပွင့်ပန်းခိုင် ဥပ္ပါညီခက်။ ဆန်းသုံးရက်သပြာသိုလ်။ နှစ်ပြိုင်ပါပဂြိုဟ်တို့။ အဇာတာ ဗဟို။ ကောင်းကင်မှာတွေ့ကြ။ ခြသေ့မြွေနဂါးငယ်နှင့်၊ ပြည်သား ပြည်သူ-အများလူ၊ မှတ်ယူ သိစေဘို့။ ထည့်စွက်ခါ မာယာ ပြွမ်းကြသလို။ ကြောက်စရာ နောက် နာဘို့ အချက် မှာတော့။ ခြောက်ရက်ယှန်စန္ဒီသို့။ ဂြိုဟ်သောရီပေါက်ခါဖြတ်တဲ့ပြင်။ နောက်ထပ်ငွေစင်လ။ သောမက ဝင်ကာခို။ အင်္ဂါဂြိုဟ်မွှေးနဲ့။ စနဲယှန် လမ်းဆုံရှောက်ထဲ့ပြင်၊ အနောက်စနေနှင်းတော့။ ပြည်ခြင်း ပြည် ခိုက်ရန်ဖြစ်လိုမို့။ မင်းသစ်ပင် ဘုရင် တွေ့ဘတ် သတဲ့။ စန္ဒာအင်္ဂါမွှေ့တော့၊ မြန်မာတွေ။ စာရေ-မတွေ့ပေဘု။ ပြည်သိသည့် ပြည့်စန္ဒာ။ ဆန်းစသွမ်းကာ ဖြတ်လိုမို့။ သိဘတ် လျှင် နားလည်ကြပေတော့။ တပေါင်သံ အောင်လံနှင့်ပြခဲ့၊ တေဇာတလီနှင့်။ သကျမ္ဘိနန္ဒီထုံးသာပ။ ညီအစ်ကိုယ်-သည်ဂြိုဟ်နှစ်လုံးငယ်။ ရုံးတိုက်ရန်ပွဲ။

ဒေါနုပင် ခိုင်ပတ္တမြား ရယ်နှင့်။ စကြာရှင် ပေါ်လှာ ငြားပါပကော။ ထွက်အသားပကာသနရယ်နှင့်။ ထင်မြင်စွာကိုနော်ဗျာ။ သင်ဆရာ နိမ္မာန်သဘောရယ်နှင့်။ ပကောတိ အသင်္ချေ။ ဇော်ညွှိကာတခါသွေးတော့၊ အခြေပင်တကယ်ကောင်းရှာကြ။ သိဘောစံ-နန်းကပြောင်းသော်လှဲ့။ ကောင်းပေပဘုံဘိုင်မြေ။ အကျိုးနော် ဘိုးဘိုးခေါ် မြတ်ဘုရားရယ်နှင့်။ ပလောင်မြေ နယ်စွန် ဖျားဘိသို့၊ သွား

တော့မောင်အမြန်ပ။သိဘောစံညှိညှိကလေးရယ်။တိုင်းပြည်ယခု တကယ်ပေး။ခြောက်ဆယ်ကျော်-ခြောက်နှစ်စွန်းရင်ဖြင့်။ ဆာပါ ခြုံပျောက်ဘို့ကောင်းပါပေ့။ဝေလာဝေးရယ်တဲ့ဟိုအမှန်။ဦးပိုက် ဆံ သည့်နှစ် ပေါ်လာပြန်ပေ့။ပဥ္စမံ- ကိုအောင်ထက် ကောင်းတဲ့ ဖြင်။လယ်ရှိသူအမြန်ရောင်းချင်တာ။ တပေါင်းလအခါ- နှစ်ရက် ပြောင်းရင်ဖြင့်၊ကောင်းပေသပ။ထားစနက်ကညာရယ်၊ ငါးမျက် နှာ မြတ်စွာဘုရားမှာ။ ရွှေတိဂုံ တက်သည့်ကျားလိုပ။ ထီးခွင်မှာ ပျားဝင်၍စားသည့်နှယ်။ ပျားပြားသည့် တပေါင်သံနှင့်။ နောက် တခါပေါ်သည့်ကိန်းမှာလ။ ကြောက်ဆလို့မငြင်းဘွယ်၊ ကျောက် မြင်းတောင် နှစ်ခါပဟိပေ့။ တသာဂိ-နာရီဖြင့် ညောင်း လှပေ့။ ဦး ပိုက်ဆံ ဆောက်သည့် ကျောင်းမှာလ။ စကြာကိုယ်တော် စံဘို့ ကောင်းတယ်လို့။တောင်းတပါလို့သာသနာတော်အေး။

( အက်ဒဝတ်ဘုရင်။အနိစ္စရောက်မည့်အကြောင်းရေးသည့်စာ။ )

တသယ့်နှစ်ခွင် စက်မာသ၊ ပါပ စနေကြယ်နှင့်၊ သွေမပါယ် ဂြိုဟ်ဂုရုငယ်တို့။ခနူရာသိနန်းမှာလ။ ပြည့်စန်းတွင်- ပေါ်မှာ—စီး ပါလို့။ကြီးဒုက္ခတွေ့မယ့်ပုံ၊ နောက်လာရန် သောကြာပူး ငယ်နှင့်။ တဦးဂြိုဟ်အင်္ဂါပ။ခိုဝင်ကာဟိုမှာတွေ့ရှာကြ။ အများလူသတိထား ကြတော့။ များသတ္တဝါတို့ရယ်။ ရေအစာကပ်ငပါးငယ်နှင့်၊ ဝေ ဒနာထပ်ခါများတဲ့ဖြင်။ခိုးသား-ခိုးသူတို့ ထတတ်သကွဲ။ ကိန်းပြ ချက်နိမိတ်ဆို။ စိတ်မလုံအောင်လွမ်း။ သဘောညှိရန် မတော့။ လောကီတွင်ဝစန်မို့။ နသက္ခ် ဖြစ်တန်ကောင်းပါငဲ့၊ ကျမ်းဟောင်. ဘာဂိအဆိုက၊ ခါတပို- ပြာသိုနှင်းခဲ့လျှင်။ ဂြိုဟ်ချင်းဂြိုဟ် ယှဉ် ပြိုင်လို့၊လေးလုံးဆိုင်-ဂြိုဟ်ဂုရုငယ်တို့။ ခနူရာသိနန်းမှာလ၊ ပြည့် စန်းတွင်—ပေါ်မှာကြိမ်လို့။ပြက္ခဒိန်အခါနှင့် ညှိလိုက်တော့၊ သတ္တ ဝါတွေမှာ၊ကပ်မသမာနှင့်ငြိပါလိမ့်မယ်ကွယ်။ လောကီအညွှန်း။

ဂဏန်းမှာ—ပြွမ်းကာတွဲ— ဝမ်းဘဲပမာဏကဲ့သို့၊ ထံရင်းမှာ ချဉ်းကာ ကပ်ပါလို့၊ သွင်းအပ် သည့် စာတပေါင်နှင့်၊ နတ်စက် ရောင်ဆရာမွန်ငဲ့ဖြင်။ မင်းသာလွန်-ကျွန်ရုံထားခဲ့သည့်၊ ပုဏ္ဏား

တျော်ခါဂရုတ်ကို။ ကိန်းပြုထို့ သင်ခဲ့ပေ။ နွေးအဌေယ်နှင့်။ကေဇောပ၊ နှစ်ထောင်မှာ လေးရာလွှန်းပါလို့။ အစွန်းဝယ် ငါးဆယ်ဖြစ်ချေပေါ့။ သက္ကရာဇ်ကောဇာ ငါးဆယ်ဖျောက် လိုက်တော့။ တထောင်ဖြင့် နှစ်ရာမောက်–သားခြောက်ဆယ် ရှစ်ခုစွန်း။ ဖြစ်ထွန်းသာသနာပွါးစေသို့။ထိကြွားပြဟ္မာ မပါလို့။ကာလမှာအလွန်ကောင်းလိမ့်မတဲ့၊ ကျွန်ပြောင်းခါသခင်ရွေ့ရလိမ့်။အောက်မေ့မိချေ။မြတ်ရှင်အင်သမ္ဗုဒ္ဓကဲ့သို့။ ယှဉ်တုကာအာဏာမိုးပါလို့။တန်ခိုးဂုဏ်တဖော်နှင့်။ကျိတ်နှိုးကာအမှိရကာမ၊လောကနိတိကျမ်းအလာ၊ ရဟန်းရှင်လူဟူသမျှကိုကို။ သဃ်ါပေါ် ဆွမ်းအဟာရကိုဖြင့်၊ နှိန်းကမှချီးမြှောက်ချေ။ပေါက်သွေ့ထိုမထိန်း။မြေဝသုန်-ရွှေဘုံသာက။ သာသနာမြစ်စင်သို့ညျောက်လိုက်တော့။ သစ်တောက်ကယ်ပလ္လင်နှင့်၊ နောက်အစဉ်– ရွှေနှင့်ပန်းပါတဲ့။ မြို့နန်းတည်ခဲ့ဟောင်းပေ။တကောင်းပြည်– မန်းလည်မှာရပ်သတဲ့၊ သည်ဇာတ်သည်လို့နှင့်ပြီးမှာဖြင့်၊ တတ်သီးဘုံအခေါင်မို့။ နတ်စက်ရောင်-ဇာဂရုတ်ို–သာသနာ ရာဇာပြုမတဲ့။အာနုဘော် ဂုဏ်ကျော်ဖော်ပါလိမ့်၊ ဘုရားအလျာ၊ သိကြွားပြဟ္မာနှင့်နှောရက်ကမို့။နှစ်ပါးဆရာ။အလကားဝါလို့–မဟောတန်ဘုကွယ်။လောကတွက်ကိန်း။

ကပ်မသမာ- ဓါတ်ပါပဟာမို့။ ကာလ တကြိမ် ပျက်စဉ်က။ တို့မ်တက်ခါနီညှိုညှိုရိ့။အရင်ငိုပျက်လိမ့်အုံးမယ်ထင့်၊ ပြည်လုံးကုန်ပြောရှာကြ။ ကောလာဟလ-ဝစန်၊ ယိုးဒယားငယ်နှင့်။ မျိုးခြားလူ ဘုရင်ဖြစ်လိမ့်မတဲ့။ ပြင်သစ်မျှော်ခါ-တန်းသူနှင့်။ ဟော်နန်းစံဦးဒည်ဘွားငဲ့ဖြင့်။ ရွှတ်ရှားတွေလာပြီကောရယ်လို့။လူလောကာ–ဝေါဟာရ။ ပြောရှာကြပြန်။ နွယ်မတူ ဘယ်လူမျိုးသော်မှ၊ အုပ်စိုးကာနိုင်ငံချဲ့စေတော့။ ကံမဲ့သူပျက်ပြိုယွင်းလို့၊ကံရှိသူဂုဏ်ထင်လင်းလိမ့်။ အရင်းဖြင့်– ကံသာကံ။ မွေ့ခံစိကိုး။ ခေါင်းကျင်အောင်- ကျောင်းတွင်မျောက်ကိုလ။ တချက်ပင် ရာ်စဉ်ခေါက်သတဲ့၊ ထိုမျောက် ငယ်-စိတ် နာ သည်း လို့။ ခင်ကြီးကို သေဆုတောင်းမြန်ခဲ့၊ နောက်ကျောင်းထိုင်–ဦးပဥ္စင်းငယ်က။ မြင်ပြင်းခါ

နထင်အခက်လုအောင်၊ နှစ်ချက်ပင်- ရက်စဉ်ခေါက်ပြန်သံတဲ့။ ထို နောက် ဓမောင်ရှင် လာခဲ့ရင်။ မြင့်မသာ-ခန္ဓာ တွေ့မည်ကြောင့်။ မာပါစေမေတ္တာပို့သည့်နှယ်။ဟိုမြို့နယ်ဂန္ဓာချင်ပါတဲ့။တရုပ်တွေ ငွေ-ဆံကျစ်ကယ်နှင့်။ ဖြင်သစ်လူ-ဘယ်ရွှတ်ရှားသော်မှ၊ သနား မည်တယ်မထင်နှင့်၊ဘိလပ်စံ- ရှင်သခင်ငဲ့ပြင်။ မျောက်နာသွင်- နောက်လာကိုတယ်မတကြံနှင့်။ နှစ်ချက်ခေါက်ဆရာ။ ဘက်သာ ဌာပြီဟုအောက်မေ့ကြံအုံး။

လောကခါတ်တွင်ဖြင့်။ ပြောမှတ်ဘွယ်မူတင်ဘို့၊ ဇမ္ဗူတွင်- လူရှင်အပေါင်းတို့။ကူမှင်တန်သောင်းက၊ဆွမ်းကျောင်းကန်ဇရပ် ကယ်နှင့်။ မဏ္ဍပ်သိမ်- အိမ်ဂေဟာတို့၊ သေအချာ နေ့ရာချဘို့။ ဖြဟ္မဏောဆရာတွေ၊ ဟောကာပြပေခဲ့။ ကောလာဟဋ္ဌ လောက ဉာဏ်။နေမြင်အောင်။ ဗေဒင်အတတ်ကယ်တို့။ ထူးမြတ်စွာပညာ ကြွယ်တဲ့၊ ဦးပတ်လယ်၊ ဓါတ် တယ် ဟောင်း ရယ်က။ မပြတ် နှကျောင်းတွင် ခိုခရမ်း သူရို့၊ ဓောင်ချမ်းပင် ဆရာ တော်က။ နာ ပျော်ဘွယ် အာဘော်နှင့် မေးတော့၊ အခါပေးပုံ သဘော- ထိုထို ပေါက်တဲ့အောင်။ ပြောဆိုလျှောက်ပြန်၊ ပြက္ခဒိန်။ရက်ချိန်အမှတ် ကယ်နှင့်- လက်ထပ်ရန်ဆင်ခြင်ဘို့။ နက္ခတ်စဉ်ဆို သင်္ချေတို့။ထို နေ့နံ ဂဟေ သွင်းလို့။ ဆွေရင်း နောင်၊ အောင်ပ ကုလား ဖြင့်၊ ပြဿဒါးပါမဟာရက်ကြမ်းစေတော့၊ အခါပျက်လမ်းမရှိ၊ မှန်က ဝိဉာဏ်တော်သုံး၊ ၊ဘယ်ရက်-ဘယ်ရာဇာနှင့်၊ဘယ်အခါဘယ် လိုမြတ်စေတော့။ နက္ခတ်အလို၊ အုံးညှိနှင့်တွေ့လို့၊ ထိုနေ့ပင် ခေမံ သို့ထွက်ရင်ဖြင့်။ ရန်ခိုက်ပင်ကြည်ရှောင်ရမတဲ့။ အောင်ပကုလား နှင့်ထပ်မိရင်၊ ဆုလပ်တွေလွှန်စွာခံရလိမ့်။ သုနက္ခတ္တံ၊ ဩဘာ ကြွေးလို့။သုမင်္ဂလံသောစွာမနွေးပ။ကျောင်းအိမ်ရာ။ရင်းချိန်-အခါ ပေးပါတော့။ရှေးကတွက်ထုံး။

တဆယ့်နှစ်ရာသီ ဟူညှဲ့ကာရန်းလို့၊ လသုံးဆယ်တခွင်နေခဲ့၊ နှစ်ပေါင်းရေ သုံးဆယ်ကြရင်ဖြင့်၊ မူလစနေသို့၊ ဂြိုဟ်စနေသွမ်း ကာစီးနေကျ၊နန်းထီးစံ-ဘုရင်နှင့်၊ ရဟန်းကြီးရှင်၊ပမ်းပင်၍ထိပ်

ထိပ်စေတ္တို့။ ဒုဗ္ဘိက္ခံ၊ ဆန်ရှေ့ရှားတတ်သတဲ့။ အများလူတို့သိစေ
ရန်။ ပုရပြည်တည်စံပျော်သည့်၊မြတ်ဘိုးတော်ဘောရာဇာကယ်က။
ခြေမြစ်စွာစာရိုင်နှင့်၊ သာသနာပိုင် မောင်းထောင်ကြီးသို့။ ခိုမှီး
ကာပုစ္ဆာလျှောက်တော့၊ အကောက်ကယ်မကြိလို့၊ မပေါက်ပြန်
လမ်းမှန်သွားရင်ဖြင့်၊နဂါးဝယ်ကြယ်မူလနှင့်။တူမျှကာစနေညီစေ
တော့။ပြည်ကြီးရန်တယ်မဖြုန်သင့်ဘု။ နိရတုံ သိဟာဇာနှင့်။ ဗျဿ
စာဝက္ခာကျင့်ရင်ဖြင့်၊ စာနှင့်ပင်အညီဖြစ်တတ်ကဲ့။ဤနှစ်မှာဝါဆို
ဦးက၊ နှစ်စနေဂဟပူးမိမှ။ တွေ့ထူးကာနောက် ကိုကျုန့်ပြန်ခဲ့။
ကျားစတုန့်ပြန်။ ။သည်ဂြိုဟ်ကြယ်-သည်ကိုရောက်ရင်ဖြင့်။ပြည်
ပေါ်ကျ တရုပ်ဖြေးတဲ့။မင်းခွေးကြီးနတ်ရှာကူးသည့်ပြင်။ စောလူး
နန်းစံကျခဲ့၊ပင်းယမှာစံ ရှင်တဲ့၊ငါးစီးရှင်ရာဇာ၏။ သားကျော်စွာ
ခန္ဓာကင်းစင်က။စီးနင်းသည့်ဂြိုဟ်ပါပတဲ့။ အင်းဝမြေ သာသည့်
တိုင်းက။ စစ်ကိုင်းမှာကိုးကွယ်မိတဲ့။ ငါးထပ်ကြီး ဒါယကာနှင့်။
ဟံသာဝတီချောက်ကဲ့ပြင်။ ထိုနောက် စနေပူးတော့။ စဉ့်ကူးစံဖြေ
သို့ယွန်းရှာချ၊ မြင်ကွန်းစံ ပုန်ကန်ရေးက။ ဘထွေးတော်အိမ်ရှေ့
လောင်းတို့ ရွှေ့ပြောင်းကာစနေတပ်စင်က။ ခေါင်းဖြတ်၍မြေမှာ
စံ။ပြေနိုင်ငံလှုပ်ရှား။ ။ခွင်ဗြိဿာတန်ဆောင်မုန်းတော့။နှစ်လုံးပြိုင်
ရှင်ဘုပလို့။မူလစနေနှင့်။ ဂြိုဟ်စနေ နှစ်ခု နှောကြလိမ့်။ ဥရောပါ
ဒေသီ၏။ကေရီရာဇာက။ အဖြာဖြာနိုင်ငံကိုချုံးရက်မို့။ရန်သူပုန်
ပြိုလို့အေးတံ့၊ ဟိုရှေးအစဉ်စဉ်က။ ရှင်ဘုရင်ခန္ဓာပြောင်းနေကြ။
စာဟောင်းမှန်ကျမ်းဂန်ထွက်ကယ်နှင့်။ ပြန်ဗျဿာနောက်ကိုရွှေ့
ပါလို့၊စတုန့်ကျန်။ မြုန့်ပြန်သည့်ခလေ့ဟာမို့။ စနေမသမာ။ပြည်
တကာကိုမွှေ့နှဲ့ကြ။ကိန်းတွေ့ရက်ညား။

( ဝိတိုရိယဘုရင်ကြီးအနိစ္စရောက်ခည့်နှစ်တွင်ရေးသည့်စာ။ )

နက္ခတ္တဒီပနီကျမ်းပြီးပြီ။

# မွန်ရာဇဝင်။

## စာအုပ်ရိုက်နှိပ်ပြီးပြီ။

ဤကမ္ဘာပေါ်တွင်။ယဉ်ကျေးသောတိုင်းကြီးပြည်ကြီး အသီးသီးတို့မှာပင်၊အကြွင်းသို့သော မိမိတို့မျိုးရိုးဇာတိဂုဏ်ကိုဘော်ပြသည့်ရာဇဝင်ကျမ်းများ။ထင်ရှားရှိကြသည်နှင့်အညီ။ ဤမြန်မာပြည်၏အောက်ပိုင်း။တလိုင်းလူမျိုးတို့နေရာ။ဟံသာဝတီမဏ္ဍလ၊ ကုသိမ-မဏ္ဍလ၊ မုတ္တမ-မဏ္ဍလဟု ဆို အပ်သော။ တိုင်း ကြီးပြည်ကြီးတို့၏ဘည်ရာ။ မဟာရဋ္ဌ၊ ရာမညတိုင်း၌လည်း၊ မွန်တလိုင်းရာဇဝင်သည်။ အထင်အရှားရှိလင့်ကစား။ နှောက်သွားနောက်လာ၊ မွန်မြန်မာအပေါင်းတို့မှာ။ ရှေးဟောင်းဖေမူတို့ကိုအလွယ်တကူရှာယူကြည့်ရှုဘို့ရာ။လွန်စွာခဲယဉ်းလှသောအခြေကို မြော်တွေးဆင်ခြင်မိသည့်အတိုင်း။ တလိုင်းလူမျိုး။ မ[illegible]ဖုံးရာဇာတို့၏အစီအစဉ်။မွန်ရာဇဝင်ကျမ်းကို၊ ငြမ်းထိုးသရူ၊ပြုကြည့်ရှုဘို့ရာ။အခက်းကဏ္ဍ။ပုဒ်မ မာတိကာတို့ဖြင့်။ စက်တင်ပုံနှိပ်လုပ်ဆောင်ထားပါကြောင်း။

တအုပ်ချုပ်။ ၉—၄ ၀၁။

ထားရန်။

ကိုဘဘောင်။ ၄၂-ရွှေလောင်းလမ်း၊ ကြည့်မြင်တိုင်။

အမျိုးသားစာပုံနှိပ်တိုက်၊ ၁၇—၂၁ လမ်း။ ရန်ကုန်မြို့။